မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၅၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကထာကို ဖတ်ကြားတော်မူပြီး သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သရဏီယဩဝါဒကထာကို ချီးမြှင့်တော်မူသည်။

(ဥက္ကဋ္ဌဆရာတော်၏ သရဏီယဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပသော ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ *စာမျက်နှာ ၉ ကော်လံ ၃* ❖

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၆/၂၀၁၂)

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

(၁)	ဦးဖုန်းဇော်ဟန်	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
(၂)	ဦးအောင်မောင်း	စည်ပင်သာယာရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးမြို့တော်ဝန် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၇/၂၀၁၂)

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

မန္တလေးမြို့တော်ဝန် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)တို့အရ ဦးအောင်မောင်းအား မန္တလေးမြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တရုတ်နိုင်ငံနှင့်ရှိပြီးသား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

မြန်မာနိုင်ငံ၏စီးပွားရေး ပိုမိုဖွံ့ဖြိုးလာစေရေးအတွက် ဆောင်ရွက်ရာတွင် မည်သည့်တားဆီးပိတ်ဆို့မှုမျိုးကိုမဆို လက်သင့်ခံမည်မဟုတ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်နှင့် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၄ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Xin Jiang ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို၊ ပြည်သူ့လွှတ်တော်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ပြည်သူ့လွှတ်တော်၊ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်မင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်၊ ပြည်သူ့လွှတ်တော်၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာမောင်မောင်ဝင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးဌေးနိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦး၊ ပြည်သူ့လွှတ်တော်နှင့် မြန်မာသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် *စာမျက်နှာ ၈ ကော်လံ ၁* ❒

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်)

အသက်ရှည်ရာ အနာမဲ့ကြစေဖို့

လူတိုင်းသည် အသက်ရှည်လိုကြ၏။ အသက်ရှည်ရန်မှာ ကျန်းမာရေးကောင်းရန်လို၏။ တစ်ဖန် ကျန်းမာရေးကောင်းရန်မှာလည်း ကျန်းမာရေးအသိပညာရှိရန်လို၏။ ကျန်းမာရေးအသိပညာပြည့်သော်လည်း ကျန်းမာရေးနှင့်အညီ နေထိုင်နိုင်စွမ်းမရှိပါက အသက်မရှည်နိုင်ချေ။ ကျန်းမာရေးအသိပညာရှိပြီး ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်ပါမှ အသက်ရှည်စေနိုင်ကြောင်း ပညာရှင်တို့က ဆိုကြသည်။

ကျန်းမာရေးသည် အဖိုးသိန်းသန်းကုဋေပေးပြီး ဝယ်ယူရနိုင်သောအရာ မဟုတ်ပါချေ။ ရေရှည်လေ့ကျင့်ပြုစုပျိုးထောင် ရယူရသောအရာပင်ဖြစ်၏။ ကျန်းမာရေးနှင့်အညီ ပြုမူနေထိုင်ခြင်းကို ဆင်းရဲချမ်းသာမဟူ လူတိုင်းလုပ်နိုင်ကြ၏။ ကျန်းမာရေးသည် လူတိုင်း၏ ကိုယ်ပိုင်အရင်းအနှီးဟုလည်း ဆိုကြ၏။ ကျန်းမာရေးအသိပညာသည် လူတို့ကျန်းမာရေးအတွက် မီးရှူးတန်ဆောင်ပင်ဖြစ်၏။

လူတိုင်းလူတိုင်းသည် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု ပြုလုပ်သင့်၏။ အများစုမှာ လမ်းလျှောက်ကြ၏။ လမ်းလျှောက်ခြင်းသည် ခန္ဓာကိုယ်ကြွက်သားများကို လှုပ်ရှားလှုံ့ဆော်ပေးခြင်းကြောင့် သွေးလည်ပတ်မှုကို ကောင်းစေ၏။ ကိုယ်အလေးချိန်ကိုလည်း ကျစေနိုင်၏။ ခန္ဓာကိုယ်အဝလွန်ခြင်းကိုလည်း ထိန်းထားနိုင်၏။ နေ့စဉ် နံနက်ပိုင်း သို့မဟုတ် ညနေပိုင်းတွင် လမ်းလျှောက်ထွက်သင့်၏။

ကျန်းမာရေးကောင်းမွန်ရေးအတွက် နေထိုင်စားသောက်ရေးသည်လည်း အရေးကြီး၏။ သွေးတိုး၊ နှလုံးရောဂါရှိသူများသည် အဆီ၊ အအိမ့်နှင့်အငန်တို့ကို လျှော့စားကြရ၏။ လုံးဝရှောင်ကြဉ်နိုင်လျှင် ပိုကောင်း၏။ ဆီးချိုရောဂါအခံရှိကြသူများသည် အချိုကို ရှောင်ကြရ၏။ အခါးကို မကြာမကြာစားပေးရ၏။ ဆေးလိပ်နှင့် အရက်သောက်သုံးမှုများလျှင် နှလုံးရောဂါနှင့် အဆုတ်ရောဂါများဖြစ်နိုင်၏။ ယနေ့ခေတ်စားနေသော အစားအစာများတွင် ဆီကြော်မုန့်များနှင့် အကင်မျိုးစုံတို့သည် ကင်ဆာရောဂါဖြစ်ရခြင်း၏ အဓိကအရင်းအမြစ်များပင်ဖြစ်၏။ အမျှင်ဓာတ်ပါသော ဟင်းသီးဟင်းရွက်များ နေ့စဉ်များများစားသုံးပေးနိုင်လျှင် ကောင်း၏။ အမျှင်ဓာတ်သည် ဝမ်းချုပ်ခြင်းကို ကာကွယ်နိုင်၏။ ''ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲ'' ဆိုသည့်အတိုင်း နေ့စဉ် ဆီး၊ ဝမ်းမှန်ရန် သတိပြုသင့်၏။

ယခုအခါ ဆောင်းကုန်၍ နွေရာသီသို့ ကူးပြောင်းလာ၏။ နေ့အပူချိန်သည် တဖြည်းဖြည်းတိုးလာနေသည်။ ''အသက်ဥာဏ်စောင့်၊ ဥစ္စာကံစောင့်'' ဆိုသည့်အတိုင်း နေပူထဲသွားလာသည့်အခါ ထီး သို့မဟုတ် ဦးထုပ်ဆောင်းသွားသင့်သည်။ နေပူထဲမှလာ၍ အအေးခန်းအတွင်း ရုတ်တရက်ဝင်ခြင်း မပြုသင့်ပေ။ အအေးခန်းထဲမှလာပြီး နေပူထဲသို့ မသွားသင့်ပေ။ ရာသီဥတုနှင့်အညီ ဝတ်စားနေထိုင်မှုသည် လိုက်လျောညီထွေရှိရန် အရေးကြီးသည်။

အသက်ရှည်ရာအနာမဲ့ကြောင်းနှင့် ပတ်သက်၍ မိတ္ထီလာမြို့ ဥယျာဉ်ကျောင်းမှ ဆရာတော်ကြီး၏ဆောင်ပုဒ်မှာ ''သောကကိုရှောင်၊ ဝအောင်မစား၊ လှုပ်ရှားကိုယ်လက် ဤသုံးချက် အသက်ရှည်စေကြောင်းတည်း'' ဟူ၍ဖြစ်သည်။ အသက်ရှည်စေလိုသူများအနေဖြင့် သောကကို ကင်းနိုင်သမျှကင်းအောင် နေထိုင်သင့်၏။ အစားအသောက်ကို အလွန်အမင်း ဝအောင်စားသောက်ခြင်းမှ ရှောင်ကြဉ်သင့်သည်။

သို့ပါ၍ လူတိုင်းလူတိုင်းသည် အသက်ရှည်အနာမဲ့စေရန်အတွက် ကျန်းမာရေးအသိပညာများကို လေ့လာမှတ်သားပြီး ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် (၆၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ (၆၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါ စေတီတော်ရင်ပြင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများ၊ စေတီတော်ဩဝါဒါစရိယဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှေးဦးစွာ ဆရာတော်သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဟင်္သာတ မိုးကောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးထွန်းဝင်းက ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓမြတ်စွာ၏ဓာတ်တော်၊ ရဟန္တာများ၏ ဓာတ်တော်များကို ပင့်ဆောင်လှည့်လည်အပူဇော်ခံကြပြီး ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။ (သတင်းစဉ်)

ခေတ်သစ်ရွှေ့ချီ မြတ်ပါရမီစာကြည့်တိုက် ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာ၌ဖွင့်

ဟင်္သာတ ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာတွင် ခေတ်သစ်ရွှေ့ချီ မြတ်ပါရမီ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းရှိန်၊ အလှူရှင် ဦးကံမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ စာကြည့်တိုက်သည် အလျား ၃၆ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၅ ပေရှိ အုတ်တိုက် စာကြည့်တိုက်ဖြစ်ပြီး နိုင်ငံတော်မှ တည်ငွေကျပ် ၁၀ သိန်းနှင့် အုတ်ပုံကျေးရွာမှ အလှူရှင် ဦးကံမြင့်-ဒေါ်တင်မိသားစုတို့က ငွေကျပ် ၇၈ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ဆက်လက်ပြီး အလှူရှင် ၁၀ဦးတို့က အလှူငွေကျပ် ၁၁၀၀၀၀ထည့်ဝင်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရှိရသည်။ (ဝ၇၅)

ကျေးလက်မြေသားလမ်းဖွင့်

ကျောက်တံခါး ဖေဖော်ဝါရီ ၂၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ကျောက်တံခါး-အင်းပတ်လည် ကျေးလက်မြေသားလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက အဆိုပါ လမ်းမုခ်ဦး၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ၊ ဦးကျော်ဆန်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

သံဖြူဇရပ် ဖေဖော်ဝါရီ ၂၇

သံဖြူဇရပ်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊ မြို့နယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့နှင့် ဝေါလ်ဗွီးရှင်း(မြန်မာ)တို့ ပူးပေါင်းပြီး လူကုန်ကူးမှုရပ် စာတန်းပါ လူကုန်ကူးမှုလျော့နည်းကျဆင်းရေး အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်က သံဖြူဇရပ်မြို့နယ်အတွင်း နေရာငါးခုတွင် စိုက်ထူခဲ့ကြသည်။ အဆိုပါ မြေစိုက်ပိုစတာများကို မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးအေးရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

စိုက်ထူခဲ့

လူကုန်ကူးမှုရပ် မြေစိုက်ပိုစတာများကို သံဖြူဇရပ်မြို့လယ်ပန်းခြံ၊ သံဖြူဇရပ်-ရေး-ထားဝယ်ကားလမ်းဆုံနေရာ၊ ကျိုက္ခမီ၊ စက်စဲနှင့် ပင်ကျေးရွာတို့တွင် စိုက်ထူခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အမြင်သစ်စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် အမြင်သစ်စာကြည့်တိုက်နှစ်ပတ်လည်နှင့် စာပေဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် ည ၇ နာရီက မြို့သစ်(ဂ)ရပ်ကွက် အမြင်သစ်စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် စာပေစာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်ဦးမောင်မောင်မြင့်အေးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် စာကြည့်တိုက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ပွဲကျင်းပရာ တစ်နှစ်ပတ်လုံး စာကြည့်တိုက်လုပ်ငန်းများစွမ်းဆောင်ရည် ပထမ၊ ဒုတိယ၊ တတိယဆုများကို တာဝန်ရှိသူများကလည်းကောင်း၊ တစ်နှစ်ပတ်လုံး စာဖတ်အများဆုံးဆုနှင့်စာအုပ်အငှားအများဆုံးပထမဆုရ ဦးမောင်မောင်ထွေးနှင့် ဒုတိယ၊ တတိယဆုရရှိသူများအား ဒါရိုက်တာကြည်စိုးထွန်းကလည်းကောင်း ဆုများချီးမြှင့်ပြီး **(အောက်ပုံ)** မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က စာအုပ်စာစောင်များလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

အမေ့ရွာစာပျိုးခင်းစာကြည့်တိုက်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်မြို့တွင် အမေ့ရွာစာပျိုးခင်းစာကြည့်တိုက် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် (၁၁)ကြိမ်မြောက် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့ ကွင်းပြင်၌ ကျင်းပရာ ဆရာဝန် စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ကျောင်းအဆင့် သူငယ်တန်းတွင် ဘာသာစုံထူးချွန်ဆု ပထမရရှိခဲ့သော မောင်ဟန်သော်ဟိန်းအား ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းဝင်းသန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ညောင်ပင်သာကျေးရွာ၌ ကျင်းပ

စဉ့်ကူး ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ရွှေကျင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် အလှူရှင်အင်းဇောက်ကြီးကျေးရွာမှ ဦးအောင်ကိုမြင့်-ဒေါ်နွဲ့နွဲ့အေးမိသားစုက ငွေကျပ် သိန်း ၁၈၀ တန်ဖိုးရှိ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်လှူဒါန်းပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်၌ကျင်းပသည်။

ရှေးဦးစွာ မြင့်ရတနာအောင် ကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လှ၊ မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ အလှူရှင်ဦးအောင်ကိုမြင့်က လှူဒါန်းရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်ဦးအောင်ကိုမြင့်က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်ကလက်ခံယူခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

သစ်တောဥပဒေဆိုင်ရာ ဘုရားသုံးဆူ၌ ဟောပြော

ဘုရားသုံးဆူ ဖေဖော်ဝါရီ ၂၇

သစ်တောဥပဒေရေးရာနှင့် တရားမဝင် သစ်လျှော့နည်းမှု ပပျောက်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ကရင်ပြည်နယ် ကြာ အင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းကအမှာစကားပြောကြားပြီး မြို့နယ်တောအုပ်ကြီး ဦးမင်းသိန်းက တရားမဝင်သစ်လျှော့နည်းပပျောက်ရေးနှင့် သစ်တောဥပဒေဆိုင်ရာ သိမှတ်စရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

သုံးပါးရတနာကျင့်သိက္ခာနှင့် အညမညဂါရဝတရားငါးပါးကို ရိုသေလေးစားလိုက်နာ သဒ္ဓမ္မသုံးဖြာသာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင်ဆောင်ရွက်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမြွက်ကြားသည့် သာရဏီယဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ကျင်းပသည့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြပါကုန်သော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းချမ်းမြေ့စွာ သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးတာဝန်များကို ထမ်းဆောင်တော်မူ နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါ သည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့၏တာဝန်ပေးချက်အရ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စများကို အဖွဲ့ခွဲသုံးခုခွဲ၍ ဆောင်ရွက်ခဲ့ကြပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထံ ဖြန့်ဝေဆက်ကပ်ထားပြီး ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအနေဖြင့် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၏ ဆောင်ရွက်ချက်အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးအကြံပေး တော်မူကြပါရန် တိုက်တွန်းလျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် တိုင်းသံဃနာယကအဖွဲ့၊ မြို့နယ် သံဃနာယကအဖွဲ့တို့၏ ဆောင်ရွက်ချက်ကို အခြေခံ၍ ဝိနိစ္ဆယရေးရာ၊ သာသနာ ရေးရာ၊ ပညာရေးရာလုပ်ငန်းများကို ဆောင်ရွက်ကြရသည်ဖြစ်ရာ တိုင်းသံဃ နာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့၏ ဆောင်ရွက်ချက်သည် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း များ၊ ဝိနိစ္ဆယလက်စွဲ၊ ညွှန်ကြားလွှာတို့နှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ပါသည် ဘုရား။ အချို့အချို့သော သံဃာ့အဖွဲ့အစည်းတို့၏ဆောင်ရွက်ချက်များသည် အခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်ခြင်းတို့ကြောင့် သတိပေး ရခြင်း၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများအရ အရေးယူ ရခြင်းများ ရှိခဲ့ပါသည်ဘုရား။

ဝိနိစ္ဆယမှုခင်းများမှာလည်း ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်မညီညွတ် သဖြင့် မူလကပင် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ခဲ့ရသည့် မှုခင်းများလည်း များစွာ ရှိပါသည်ဘုရား။ ပညာရေးဆိုင်ရာလုပ်ငန်းတွင်လည်း အရည်အချင်းပျက်ယွင်းသဖြင့် အရေးယူခဲ့ရသည့် ပုဂ္ဂိုလ်များလည်း ရှိခဲ့ပါသည်ဘုရား။ ဓမ္မကထိက ဆရာတော်များ တရားဟောကြားရာတွင် ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်သည့် စကားအသုံး အနှုန်းများ၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကို ထိပါးသည့် စကားအသုံးအနှုန်းများ ထည့်သွင်းဟောကြားခဲ့သဖြင့် အရေးယူဆောင်ရွက်ခဲ့ရမှုများ ရှိပါသည်ဘုရား။ ဤဖြစ်ရပ်များကို လေ့လာသုံးသပ်ပါက သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ကြီးကြပ် ကွပ်ကဲမှု အားနည်းချက်များဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များပါဝင်သော အဖွဲ့က ပြင်ဆင်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်း အဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူပြီးဖြစ်သဖြင့် ယင်းပြင်ဆင်ချက်များနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အရည်အချင်းပြည့်ဝသည့် ပုဂ္ဂိုလ်များပါဝင် လာရေးအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က ရွေးချယ်တင်မြှောက်ကြရန်လိုပါ ကြောင်း လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

တပည့်တော်တို့သည် "သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး" ဟူသော ဦးတည်ချက်ဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဝေးကြီးကျင်းပ၍ သံဃာ့အဖွဲ့ အစည်း အဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်အရေးကိစ္စများကို ဆောင်ရွက်နေကြ ပါသည်ဘုရား။ ယင်းဦးတည်ချက်၊ ရည်ရွယ်ချက်များပြီးပြည့်စုံရေးအတွက် တပည့် တော်တို့ လိုက်နာကျင့်သုံးကြရန် မြတ်စွာဘုရားဟောကြားတော်မူအပ်သော ကိမိလ သုတ်ဒေသနာတော်ကို အကျဉ်းချုပ် လျှောက်ထားလိုပါသည်ဘုရား။

မြတ်စွာဘုရားသည် ကိမိလမြို့ ကျည်းပင်တော၌ သီတင်းသုံးတော်မူစဉ် အရှင် ကိမိလသည် မြတ်စွာဘုရားထံချဉ်းကပ်၍ "မြတ်စွာဘုရား. . . မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူလတ်သော် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ မတည်တံ့ပါသနည်း။ အဘယ်အကြောင်းကြောင့် ကာလရှည်ကြာ တည်တံ့ပါသနည်း"ဟုမေးမြန်းရာ မြတ်စွာဘုရားရှင်က. . .

"ဣဓ ကိမိလ တထာဂတေ ပရိနိဗ္ဗုတေ ဘိက္ခူ ဘိက္ခုနိယော ဥပါသကာ ဥပါသိကာယော သတ္ထရိ အဂါရဝါ ဝိဟရန္တိအပ္ပတိဿာ" စသည်ဖြင့် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာမတည်တံ့ခြင်း၏ အကြောင်း(၅)ပါး၊ သဒ္ဓမ္မ သုံးဖြာ သာသနာတော် တည်တံ့ခြင်း၏ အကြောင်း (၅)ပါးတို့ကို ဟောကြားတော်မူခဲ့ပါသည် ဘုရား။ ထိုကိမိလသုတ်တော်၏ အကျဉ်းချုပ်အဓိပ္ပာယ်မှာ-

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့သည်. . .

(၁) သတ္ထု အဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၂) ဓမ္မ အဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၃) သံဃ အဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၄) သိက္ခာ အဂါရဝ အပ္ပတိဿ ဝိဟရဏ၊
(၅) အညမည အဂါရဝ အပ္ပတိဿ ဝိဟရဏ၊

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အကျင့်သိက္ခာတရားနှင့် အချင်းချင်း တို့အပေါ်၌ အလေးဂရုမပြုကြဘဲ၊ အလေးဂရုပြုထိုက်သည့်အရာ၌မထားကြဘဲ၊ အဆုံးအမစကားကို လေးစားနာယူမှုမရှိကြဘဲ၊ အမှီအခိုအကြီးအကဲနေရာ၌ မထား ကြဘဲ ရိုသေတုပ်ဝပ်မှုမရှိဘဲ နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာ မတည်တံ့နိုင်။

ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးဖြာသော ပရိသတ်တို့သည်. . .

(၁) သတ္ထု သဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၂) ဓမ္မ သဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၃) သံဃ သဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၄) သိက္ခာ သဂါရဝ သပ္ပတိဿ ဝိဟရဏ၊
(၅) အညမည ဂါရဝ သပ္ပတိဿ ဝိဟရဏ၊

ဘုရား၊ တရား၊ သံဃာရတနာသုံးပါး အကျင့်သိက္ခာတရားနှင့် အချင်းချင်းတို့ အပေါ်၌ အလေးဂရုပြုကြလျက်၊ အလေးဂရုပြုထိုက်သည့်အရာ၌ ထားကြလျက် အဆုံးအမစကားကို လေးစားနာယူကြလျက်၊ အမှီအခိုအကြီးအကဲအရာ၌ထားကြ လျက်၊ ရိုသေတုပ်ဝပ်မှုရှိကြလျက် နေကြခြင်းကြောင့် သဒ္ဓမ္မသုံးဖြာ သာသနာတော်သည် ကာလရှည်ကြာတည်တံ့နိုင်၏ဟု ဆိုလိုပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ယခုအခါမှာ ရဟန်း၊ ရှင်၊ လူ အများစုသည် ရတနာသုံးပါးအပေါ်၌ ရိုသေ လေးစားမှုအားနည်းလာကြပါသည်။ ရတနာသုံးပါးအပေါ်၌ ရိုသေလေးစားမှု နည်းပါးလာခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော် ကာလရှည်ကြာမတည်တံ့ခြင်း၏ အကြောင်းဖြစ်သည့်အတွက် မိမိတို့၏ တပည့်ရဟန်း၊ သာမဏေများ၊ ဒကာ ဒကာမများ ရတနာသုံးပါးအပေါ်၌ ကြည်ညိုလေးစားမှုရှိလာအောင် သွန်သင်ဆုံးမပေးကြဖို့ တာဝန်သည် တပည့်တော်တို့၏ တာဝန်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ယခုအခါ ရဟန်း၊ ရှင်၊ လူအများစုသည် မိမိတို့ကျင့်သုံးရမည့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သိက္ခာသုံးပါး ကိုယ်ကျင့်တရား၌ ရိုသေ လေးစားမှုနည်းပါးလာကြသည်။ အချို့သောရဟန်းသာမဏေများသည် မကြည်ညို သေးသောပုဂ္ဂိုလ်များ ကြည်ညိုအောင်၊ ကြည်ညိုပြီးသော ပုဂ္ဂိုလ်များ ဆတက်ထမ်းပိုး တိုး၍ ကြည်ညိုအောင်မပြုကျင့်ကြဘဲ ကြည်ညိုပြီးသောပုဂ္ဂိုလ်များ အကြည်အညို ပျက်အောင်၊ မကြည်ညိုသေးသောပုဂ္ဂိုလ်များ မကြည်ညိုသည်ထက် မကြည်ညို အောင် ရှင်ရဟန်းတို့နှင့်မလျော်သော သာသနာ့ဂုဏ်သိက္ခာ ညှိုးမှိန်စေသည့်အလုပ်များ ကို ပြုလုပ်နေကြသည်ကို ဆရာတော်များ တွေ့မြင်ကြားသိနေကြပါလိမ့်မည်ဘုရား။

သို့ဖြစ်၍ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ ဝိနည်းသိက္ခာပုဒ်တော်များ နှင့်အညီ သီတင်းသုံးနေထိုင်ရေး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြား လွှာ(၇၂)ပါ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်စေရေးတို့ အတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က အလေးအနက်ထား၍ ထိထိရောက် ရောက် ဆောင်ရွက်သွားရန်လိုပါကြောင်း တိုက်တွန်းလျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ပရိယတ္တိပညာရေးဆိုင်ရာ စာမေးပွဲများနှင့်စပ်လျဉ်း၍ လျှောက်ထားလိုသည် မှာ "သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ"ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူအပ်သည်နှင့်အညီ သာသနာတော်အရှည်ခံ၍ တည်တံ့ခြင်း၏အဓိက အကြောင်းရင်းမှာ ပရိယတ္တိစာပေသင်ကြားပို့ချခြင်းပင်ဖြစ်ပါသည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရမင်းအဆက်ဆက်တို့ကလည်း ပရိယတ္တိသာသနာ တော်ကို အားပေးချီးမြှောက်ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ ပရိယတ္တိဆိုင်ရာစာမေးပွဲ များကို ခေတ်အဆက်ဆက်ကျင်းပ၍ အားပေးချီးမြှောက် ထောက်ပံ့ခဲ့ပါသည် ဘုရား။

ပရိယတ္တိပညာရေးဆိုင်ရာစာမေးပွဲများ သန့်ရှင်းစင်ကြယ်စွာကျင်းပနိုင်ရေး အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စည်းမျဉ်းစည်းကမ်းများရေးဆွဲ၍ ညွှန်ကြားလွှာများ ထုတ်ပြန်ညွှန်ကြားခဲ့သော်လည်း အဓိကဆောင်ရွက်ကြသည့် သံဃာ့အဖွဲ့အစည်းများအနေဖြင့် ထိရောက်အောင် ဆောင်ရွက်နိုင်မှုအားနည်း နေသည်ကို တွေ့ရှိရပါသည်ဘုရား။ ပရိယတ္တိပညာရေးဆိုင်ရာ စာမေးပွဲများသည် သာသနာတော်တစ်ရပ်လုံးနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်သဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် တာဝန်ရှိပါသည်ဘုရား။

သို့ဖြစ်ပါ၍ ပရိယတ္တိပညာရေးဆိုင်ရာစာမေးပွဲများကျင်းပရာတွင် သန့်ရှင်း စင်ကြယ်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ ကလည်း မျက်ခြည်မပြတ် ကြီးကြပ်ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက် ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးကို ဆောင်ရွက်နေကြသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် အဖွဲ့ဝင်အချင်းချင်း၊ အထက်အဖွဲ့အစည်းနှင့် အောက်အဖွဲ့အစည်းအချင်းချင်း ရိုသေလေးစားမှုရှိနေကြမှု၊ အလေးဂရုပြုထိုက် သည့် အရာ၌ထားနေကြမှု၊ အထက်အဖွဲ့အစည်း၏ ညွှန်ကြားချက်များကို အောက် အဖွဲ့အစည်းက လေးစားလိုက်နာကြလျက်၊ အောက်အဖွဲ့အစည်း၏ တင်ပြချက် များကို အထက်အဖွဲ့အစည်းက လေးလေးစားစား ဂရုတစိုက်ဆောင်ရွက်ပေးကြမှု အထက်အဖွဲ့အစည်းကို အောက်အဖွဲ့အစည်းက အမှီအခို အကြီးအကဲအရာ၌ ထားကြမှု၊ အောက်အဖွဲ့အစည်းကိုလည်း အထက်အဖွဲ့အစည်းက မှီခိုအားထားရာ အထောက်အကူပြုရာ မိမိတို့၏ အင်အားအဖြစ်ထားကြမှုသာ တပည့်တော်တို့၏ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက် လျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကာလရှည်ကြာ တည်တံ့နိုင်မည် ဖြစ်ပါ သည်ဘုရား။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအမှူးရှိသော ဆရာတော်အရှင်မြတ်တို့က စံပြုအဖြစ် ဦးဆောင်တော်မူကြ၍ ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်လူအပေါင်းတို့ ဒိဋ္ဌာနုဂတိလိုက်လာကြစေရန် သုံးပါးရတနာ ကျင့်သိက္ခာ နှင့် အညမည ဂါရဝတရားငါးပါးတို့ကို ရိုရိုသေသေ လေးလေးစားစား ကျင့်သုံး လိုက်နာတော်မူကြလျက် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ အောင်ဆောင်ရွက်တော်မူကြပါရန် လျှောက်ထားလျက် တပည့်တော်၏သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်တို့ဘုရားဟု လျှောက်ထားသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု ဘုရားဖူးနှင့် အပန်းဖြေ ဒုတိယအသုတ်ခရီးစဉ်ပို့ဆောင်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဆီမီး (၁၅၀၀) ပူဇော်၊ အလှူငွေများ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဝန်ထမ်းများနှင့် မိသားစုများ စိတ်ချမ်းမြေ့ပျော်ရွှင်စေရန်နှင့် ပင်ပန်း နွမ်းနယ်မှုများပြေပျောက်ကာ လုပ်ငန်းခွင် စွမ်းရည် ပိုမိုဖွံ့ဖြိုးစေရန်ရည်ရွယ်လျက် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု၏ (ဒုတိယအသုတ်)ဘုရားဖူးနှင့် အပန်းဖြေ လေ့လာရေးခရီးစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက်က ပို့ဆောင်ပေးခဲ့သည်။

ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းတွင် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်နှင့် မြန်မာ့အလင်း ပုံနှိပ်တိုက် စာတည်းမှူးချုပ် ဦးတင်မောင်သန်း တို့ဦးဆောင်၍ ဝန်ထမ်းမိသားစု အင်အား ၁၃၅ ဦးတို့က ကျိုက်ထီးရိုး ဆံတော်ရှင် စေတီတော်ဂေါပကအဖွဲ့၏ ကူညီမှုဖြင့် စေတီတော်မြတ်ကြီးအား ဆီမီး(၁၅၀၀)ထွန်းညှိပူဇော်ကြရာ ဝန်ထမ်း မိသားစုများနှင့်အတူ ဘုရားဖူးလာ ပြည်သူများကပါ ဝိုင်းဝန်းစုပေါင်း ကုသိုလ်ယူ ပူဇော်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်း မိသားစုများက စုပေါင်းအလှူငွေကျပ် တစ်သိန်းငါးသောင်းကို စေတီတော်မြတ် ကြီး ဘက်စုံအလှူအတွက် ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ထွက်ခွာရာ လမ်းခရီးရှိ ကျိုက်ပေါလော မှဲ့ရှင်စေတီတော် အပါအဝင် ဘုရားများအား ဝင်ရောက် ဖူးမြော်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ယခုခရီးစဉ်သည် ဒုတိယအသုတ် ခရီးစဉ်ဖြစ်ပြီး မတ်လ ၂ ရက်တွင် တတိယအသုတ်ခရီးစဉ်အဖြစ် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိ ရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဝန်ထမ်း မိသားစု၏ (ဒုတိယအသုတ်) ဘုရားဖူး နှင့် အပန်းဖြေ လေ့လာရေးခရီးစဉ်၌ ဝန်ထမ်းမိသားစုများက ကျိုက်ထီးရိုး ဆံတော်ရှင်စေတီတော်မြတ်ကြီးအား ဆီမီး(၁၅၀၀) ထွန်းညှိပူဇော်ကြစဉ်။
(သတင်းစဉ်)

အခြေခံကျွမ်းဘားနည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အားကစားဝန်ကြီးဌာန၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ ကျင်းပ သော ၂၀၁၂ ခုနှစ် "C"အုပ်စုအဆင့် အခြေခံကျွမ်းဘားနည်းပြနှင့် ဒိုင် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ မြန်မာ နိုင်ငံကျွမ်းဘားအဖွဲ့ချုပ် လေ့ကျင့်ရေး စခန်း၌ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား အလုပ်အမှုဆောင် သင်တန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင် ဝင်း(၂)မှ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**

သင်ကြားပို့ချ

သင်တန်းကို မြန်မာ့လက်ရွေးစင် ဟောင်း နည်းပြဆရာ ဦးဇော်ဝင်းနှင့် ဦးသူရကိုကို (အား/ကာနည်းစနစ်မှူး) တို့က ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၇ရက်အထိ အခြေခံနှင့် အဆင့်မြင့် ဘာသာရပ်များကို စာတွေ့/လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး ၎င်းသင်တန်းမှ ထူးချွန်သော သင်တန်းသားများကို နေပြည်တော်တွင် ဖွင့်လှစ်မည့် အဆင့်မြင့် ကျွမ်းဘားနည်းပြ/ ဒိုင်သင်တန်းများ ဆက်လက် သင်ကြားပို့ချသွားမည်ဖြစ် ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)၌ ပုံနှိပ်စက်များ ကြံ့ခိုင်ထိန်း သိမ်း မှု ကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

ပုံနှိပ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် တီထွင်ကြံဆကြိုးပမ်း ထုတ်လုပ်မှုအရည်အသွေး မြင့်မားရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ ရောက်ရှိနေသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း (အထက်မြန်မာပြည်) ရုံးခွဲသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်အားပေးသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)သို့ ရောက်ရှိပြီး သတင်းစာစက္ကူများ သိုလှောင်ထားရှိမှု၊ ပုံနှိပ်စက်များ ကြံ့ခိုင်ထိန်းသိမ်းမှု၊ သတင်းစာပုံနှိပ်စက်အသစ် ထပ်မံတပ်ဆင် နေရာချထားမည့် အစီအစဉ်နှင့် ဝန်ထမ်းအိမ်ရာလေးခန်းတွဲ အသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပုံနှိပ်စက်များ ကြံ့ခိုင်ရေး၊ မီးဘေးလုံခြုံရေး၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို မှန်ကန်သော နည်းလမ်းများဖြင့် စီမံဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဝန်ထမ်းအိမ်ရာအသစ် အရည်အသွေးကောင်းမွန်ရေး ကြပ်မတ်ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး ဝန်ထမ်းများအား နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ပုံနှိပ်ဌာနအတွင်း အခြေခံပညာကျောင်းသုံး ဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်နေမှုလုပ်ငန်း အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မင်ကျမင်နကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ ပုံနှိပ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် တီထွင်ကြံဆကြိုးပမ်း ဆောင်ရွက်ရေး၊ ထုတ်လုပ်မှုအရည်အသွေး မြင့်မားရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရေး၊ စက်ရုံဧရိယာမြေနေရာအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ဝန်ထမ်းသက်သာချောင်ချိရေး လုပ်ငန်းများကို မှန်ကန်သော မူဘောင်အတွင်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားဇာတ်ရုံ (မန္တလေး) အစည်းအဝေးခန်းမ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ)၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန (မန္တလေး)တို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ယဉ်ကျေးမှုတက္ကသိုလ်နှင့် အနုပညာအထက်တန်းကျောင်း၊ ပန်းချီပန်းပုကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၏ အနုပညာတတ်မြောက်မှု ပြည့်ဝမြင့်မားစေရေးအတွက် ဆရာဆရာမများအနေဖြင့် သင်ကြားရေးအပိုင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးရန်၊ ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားရေးကိုသာမက ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်မှုများကိုပါ ဆောင်ရွက်ပေးရန်၊ ပုဂ္ဂလိကအဆောင်ပိုင်ရှင်များနှင့် တွေ့ဆုံညှိနှိုင်း၍ စည်းကမ်းစနစ်တကျရှိရေးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားကြရန်၊ တက္ကသိုလ်နှင့် ကျောင်းများ၏ အနုပညာလှုပ်ရှားမှုများကို အမြဲတမ်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအကြား ရင်းနှီးမှုနှင့် အတွေ့အကြုံများ၊ ပညာရပ်များဖလှယ်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ ယနေ့ကာလတွင် မိမိတို့နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လာရောက်လေ့လာကြသည့် နိုင်ငံခြားခရီးသွားဧည့်သည်များ ဝင်ရောက်မှုမှာ ပိုမိုများပြားလာသည်နှင့် အမျှ မန္တလေးမြနန်းစံကျော် ရွှေနန်းတော်ကြီး၊ နန်းမြို့ရိုးနှင့်ကျုံး၊ မဟာအတုလဝေယံ အတုမရှိကျောင်း၊ ရွှေကျောင်းတော်ကြီးအပါအဝင် ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ၊ အင်းဝမြို့ဟောင်းနှင့် ပတ်ဝန်းကျင်ရှိ ရှေးဟောင်းနေရာများကို စနစ်တကျ ထိန်းသိမ်းပြုပြင်ပြီး ဆွဲဆောင်မှုရှိအောင် စီမံပြသနိုင်ခြင်းအားဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုသမိုင်းနှင့် ဂုဏ်သိက္ခာ ကြီးကျယ်ခမ်းနားမှုတို့ကို နိုင်ငံတကာမှ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိလာမည့်အပြင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိကာ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဆိုပါရည်မှန်းချက် တာဝန်များ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြားဖြတ်ရွေးကောက်ပွဲ မဲစာရင်းများ ကြေညာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ဧပြီ ၁ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် မဲဆန္ဒနယ်အလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်း(မဲစာရင်း)များကို ဖေဖော်ဝါရီ ၂၉ ရက်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးရှိ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာမည်ဖြစ်သည်။

ယင်းမဲဆန္ဒနယ်၌ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် မဲစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါက နည်းဥပဒေ(၉)အရ မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃)ဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲသို့ မဲစာရင်းထုတ်ပြန်ကြေညာပြီးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း တင်သွင်းတောင်းဆိုနိုင်သည်။

ထို့အပြင် မဲစာရင်းပါအမည်နှင့် အချက်အလက်များအား ပြင်ဆင်၊ ကန့်ကွက်လိုလျှင်ဖြစ်စေ၊ မဲစာရင်းပါ မဲဆန္ဒရှင်တစ်ဦးဦးကိုလည်းကောင်း၊ ထည့်သွင်းထားသော အချက်အလက်များကိုလည်းကောင်း ပြင်ဆင်၊ ကန့်ကွက်လိုလျှင်ဖြစ်စေ နည်းဥပဒေ (၁၁)အရ ပုံစံ(၄)ဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ မဲစာရင်းထုတ်ပြန်ကြေညာပြီးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပြင်ဆင်လွှာ/ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

အနည်းဆုံး ရက်ပေါင်း(၁၈၀)ထက်မနည်း မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေသော နည်းဥပဒေ(၁၀)ပါ အခြားမဲဆန္ဒရှင်များသည် မိမိတို့လက်ရှိရောက်ရှိနေသော မဲဆန္ဒနယ်၏ မူလမဲစာရင်း(၂၀၁၀ မဲစာရင်း)တွင် မပါဝင်ပါက မူလမဲစာရင်းပါရှိရာ မဲဆန္ဒနယ်တွင် ကြားဖြတ်ရွေးကောက်ပွဲရှိမှသာ လက်ရှိရောက်ရှိနေသော မဲဆန္ဒနယ်၏ မဲစာရင်းတွင်ထည့်သွင်းပေးရန် သတ်မှတ်ထားသည့်ရက်အတွင်း ပုံစံ(၃-က)ဖြင့် လျှောက်ထားခွင့်ရှိမည်ဖြစ်သည်။

မဲဆန္ဒရှင်တစ်ဦးသည် ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့ရသဖြင့် မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ်တစ်နယ်၏မဲစာရင်းသို့ အမည်ပြောင်းရွှေ့လိုလျှင် လဝကပုံစံ(၁၀)နှင့်အတူ လက်ရှိ မဲဆန္ဒနယ်မဲစာရင်းမှ မိမိအမည်ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ(၄-က)ဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်ပြတောင်းဆိုပြီး ပြောင်းရွှေ့ရောက်ရှိသည့် မဲဆန္ဒနယ်၏ မဲစာရင်းသို့ ပုံစံ(၄-ခ)၊ ပုံစံ(၃)တို့ဖြင့် မဲစာရင်းထည့်သွင်းဆောင်ရွက်နိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ပြုလုပ်မည်ဖြစ်ရာ ကြားဖြတ်ရွေးကောက်ပွဲဝင်ကြမည့် နိုင်ငံရေးပါတီ(၁၇)ပါတီနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(အပေါ်ပုံ)** ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ခုနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမူကြမ်း တင်သွင်းခြင်းကို အတည်ပြုခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၂ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းတင်သွင်းခြင်းအပေါ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့က အကြံပြုဆွေးနွေးခြင်း၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြခြင်း၊ ဥပဒေမူကြမ်းကို အတည်ပြုခြင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်း တင်သွင်းခြင်းကို အတည်ပြုခြင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းအပေါ် ဆွေးနွေးခြင်း၊ ရှင်းလင်းတင်ပြခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (တတိယနေ့) ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ **(အောက်ယာပုံ)** ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၃ ဦးတို့ တက်ရောက်ကြသည်။

ဆောင်ရွက်

အစည်းအဝေးတွင် မေးခွန်း(၁၇)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု တင်သွင်းခြင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရစီမံကိန်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် ပတ်သက်၍ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ယာဉ်ပေါ်မှ အမှိုက်ချခြင်း၊ ကွမ်းထွေးခြင်းများ မပြုလုပ်ရ

စစ်ကိုင်းတိုင်းဒေသကြီးမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့် ရွှေလီမြစ်ကူး ရွှေလီတံတား

တံတားအချက်အလက်များ

၁။ ရွှေလီတံတားသည် တကောင်း-ရွှေကူ-ဗန်းမော်လမ်းပေါ်တွင်တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်တို့ကို ဆက်သွယ်ထားသည်။

၂။ တံတားအမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ်ပိုင်တိုင်များဖြင့် တည်ဆောက်ထားသည်။

၃။ တံတားအရှည်ပေ ၂၃၃၀ ရှိသည်။ တံတား၏ ယာဉ်သွားလမ်း အကျယ်မှာ ၂၈ ပေဖြစ်ပြီး တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်းရှိသည်။

၄။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ ရေအမြင့်ဆုံးအချိန်တွင် အမြင့်ပေ ၂၀ နှင့် အကျယ်ပေ ၁၃၀ ရှိသည်။

၅။ အလေးချိန်တန် ၆၀ ယာဉ်များ ဖြတ်သန်းသွားလာနိုင်သည်။

၆။ ရွှေလီတံတားတည်ဆောက်ရေး လုပ်ငန်းများကို ၁၁-၅-၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ၉-၃-၂၀၀၃ ရက်နေ့တွင် တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ခဲ့သည်။

* မန္တလေး-တကောင်း-ရွှေကူ-ဗန်းမော်-မြစ်ကြီးနား ကားလမ်းသစ်ကြီးပေါ်တွင် ရွှေလီမြစ်ကူးတံတားကြီး တည်ဆောက်ပေးနိုင်သောကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ပြည်ထောင်စုလမ်းမကြီးအဖြစ် ပိုမိုပေါ်လွင်ထင်ရှားလာသည်။

* ဗန်းမော်မြို့နှင့် မန္တလေးမြို့ကို ၂၇၅ မိုင်ရှိသည့် လမ်းကြောင်းအတိုင်း အချိန်တိုတိုဖြင့် ဆက်သွယ်သွားလာနိုင်သည့်အတွက် ဗန်းမော်ဒေသ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားကုန်စည်ရောင်းဝယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်။

* ရွှေလီတံတားတည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဒေသများ၏ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့ တိုးတက်လာသည်။

* စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများသာမက နယ်မြေချင်း ထိစပ်လျက်ရှိသည့် ဒေသအသီးသီးသို့ အချိန်တိုအတွင်း ဆက်သွယ်ရောက်ရှိစေနိုင်သည့် တံတားကြီးဖြစ်သည်။



သတင်းမှတ်စု-မောင်ငြိမ်းအေး

(၈၄)ကြိမ်မြောက် ရုပ်ရှင်အော်စကာဆုများ ရွေးချယ်ချီးမြှင့် The Artist ဇာတ်ကား၊ မင်းသား ဂျိမ်းဒူဂျာဒင်၊ မင်းသမီး မီရယ်စတိပ်တို့ရရှိ

မောင်မောင်မြင့်ဆွေ ရေးသားသည်

ဒါရိုက်တာ မိုက်ကယ်ဟာဇာနာဗီစီးရပ်စ်

ရုပ်ရှင်မင်းသမီး မီရယ်စတိပ်

ရုပ်ရှင်မင်းသား ဂျိမ်းဒူဂျာဒင်



ရုပ်ရှင်မင်းသား ခရစ်စတိုဖာပလမ်မာ

ရုပ်ရှင်မင်းသမီး အောက်တာဗီရာ စပင်ဆာ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၇

(၈၄)ကြိမ်မြောက် ရုပ်ရှင်အော်စကာဆု ချီးမြှင့်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာရှိတဲ့ ကိုဒတ်ကဇာတ်ရုံမှာ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပတဲ့အခါ ပြင်သစ်ရုပ်ရှင်ကား The Artist က အကောင်းဆုံး ရုပ်ရှင်ကားအဖြစ် အော်စကာဆုရရှိသွားပါတယ်။

အဲဒီဇာတ်ကားနဲ့ပဲ **အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု**ကို မိုက်ကယ်ဟာဇာနာဗီစီးရပ်စ်က ဆွတ်ခူးရရှိသွားပါတယ်။ အသက် ၄၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒါရိုက်တာဟာဇာနာဗီစီး ရပ်စ်က ဒီဇာတ်ကားကို ဒါရိုက်တာအပြင် ထုတ်လုပ်သူအဖြစ် လည်း လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ သူ့ဇနီးဘီဂျိုလည်း ဒီဇာတ်ကားမှာ သရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပါတယ်။

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်အော်စကာဆုကိုတော့ ပြင်သစ်ရုပ်ရှင်မင်းသား ဂျိမ်းဒူဂျာဒင်က The Artist ဇာတ်ကားနဲ့ပဲ ဆွတ်ခူးရရှိခဲ့ပါတယ်။ အသက် ၃၉ နှစ်အရွယ် ရှိတဲ့ ဂျိမ်းဒူဂျာဒင်ဟာ အော်စကာဆုရရှိမယ်လို့ ရေပန်းစား နေတဲ့ရုပ်ရှင်မင်းသား ဂျော့ကလူနေကိုကျော်ဖြတ်ပြီး အခုလို အော်စကာဆု ရရှိသွားခြင်းပဲဖြစ်ပါတယ်။

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်အော်စကာဆုကိုတော့ The Iron Ladyဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့မီရယ် စတိပ်က ဆွတ်ခူးရရှိသွားပါတယ်။ အသက် ၆၂ နှစ်အရွယ် ရုပ်ရှင်မင်းသမီးမီရယ်စတိပ်ဟာ အခုဆုနဲ့ဆိုရင် အော်စကာဆု သုံးကြိမ်မြောက်ရရှိခြင်းဖြစ်ပါတယ်။ အော်စကာဆုအတွက် ပဏာမ အမည်စာရင်း (၁၇)ကြိမ် ရွေးချယ်ခံခဲ့ရဖူးတဲ့ မီရယ် စတိပ်က The Iron Lady ဇာတ်ကားမှာ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာနဲ့တူအောင် ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။

အကောင်းဆုံးအမျိုးသားဇာတ်ပို့အော်စကာဆုကိုတော့ ခရစ်စတိုဖာပလမ်မာက "The Beginners" ဇာတ်ကားနဲ့ ဆွတ်ခူးရရှိသွားပါတယ်။ အသက် ၈၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ခရစ်စတိုဖာပလမ်မာအတွက် ဒီဆုဟာ သူ့ရဲ့ပထမဆုံး အော်စကာဆုပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်က The Last Station ဇာတ်ကားနဲ့ အမျိုးသားဇာတ်ပို့ဆုပဏာမအမည် စာရင်းရွေးချယ်ခံခဲ့ရပေမယ့် အော်စကာဆုတော့ မရရှိခဲ့ပါဘူး။

အကောင်းဆုံးအမျိုးသမီးဇာတ်ပို့အော်စကာဆုကိုတော့"The Help" ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့အောက်တာဗီရာ စပင်ဆာက ဆွတ်ခူးရရှိသွားပါတယ်။ အသက် ၃၉ နှစ်ရှိပြီ ဖြစ်တဲ့စပင်ဆာအတွက် ပထမဆုံးရရှိတဲ့အော်စကာဆုလည်းဖြစ် ပါတယ်။

(၈၄)ကြိမ်မြောက်ရုပ်ရှင်အော်စကာဆုချီးမြှင့်ပွဲမှာ The Artist ဇာတ်ကားတစ်ကားတည်း ဒါရိုက်တာ၊ ရုပ်ရှင်မင်းသား၊ အကောင်းဆုံးရုပ်ရှင်ကား၊ Costume Design နဲ့ Original Score ဆုတွေ ငါးဆုအထိ ဆွတ်ခူးရရှိခဲ့ပါတယ်။

(အင်တာနက်)

(၈၄)ကြိမ်မြောက် အော်စကာဆုရစာရင်း

BEST PICTURE	- " The Artist"
BEST ACTOR	- Jean Dujardin," The Artist"
BEST ACTRESS	- Meryl Streep, "The Iron Lady"
BEST DIRECTOR	- Michel Hazanavicius, " The Artist"
BEST SUPPORTING ACTOR	- Christopher Plummer, "Beginners"
BEST SUPPORTING ACTRESS	- Octavia Spencer, "The Help"
ANIMATED FILM	- "Rango"
FOREIGN LANGUAGE FILM	- "A Separation" Iran
ADAPTED SCREENPLAY	- " The Descendants,"by Alexander Payne, Nat Faxon and Jim Rash
ORIGINAL SCREENPLAY	- "Midnight in Paris," by Woody Allen
DOCUMENTARY	- "Undefeated"
ORIGINAL SCORE	- " The Artist",Ludovic Bource
ORIGINAL SONG	- "Man or Muppet" from "The Muppets, " music and Lyric by Bret McKenzie
ART DIRECTION	-"Hugo," production design: Dante Ferretti; set decoration: Francesca Lo Schiavo
CINEMATOGRAPHY	-"Hugo," Robert Richardson
COSTUME DESIGN	-"The Artist," Mark Bridges
FILM EDITING	- "The Girl with the Dragon Tattoo," Kirk Baxter and Angus Wall
MAKEUP	- "The lron Lady,"Mark Coulier and J.Roy Helland
VISUAL EFFECTS	- "Hugo,"Rob Legato, Joss Williams, Ben Grossman and Alex Henning
Short Film (Live Action)	-"The Shore" Terry George and Oorlagh George
Short Film (Animated)	- "The Fantastic Flying Books of Mr.Morris Lessmore"William Joyce and Brandon Oldenburg
Documentary (Short Subject)	-"Saving Face"
SOUND EDITING	-"Hugo" Philip Stockton and Eugene Gearty
SOUND MIXING	- "Hugo" Tom Fleischman and John Midgley

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

နီပေါမှ ဒူရာဒန်ဂီအား ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ် ဆက်လက်သတ်မှတ်ရန် တရားဝင်စစ်ဆေးတိုင်းတာ

မိုးမြင့်လင်းလက် – ရေးသားသည်

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၇

နီပေါနိုင်ငံမှ အသက် ၇၂ နှစ်အရွယ်ရှိ ချန်ဒရာဘာဟာဒူရာဒန်ဂီသည် ကမ္ဘာပေါ်တွင် အရပ်အပုဆုံးအမျိုးသားအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဆက်လက်စံချိန်တင်နိုင်ရေးအတွက် တရားဝင်မှတ်တမ်းရယူရန် ဂင်းနက်စ်မှတ်တမ်းဆိုင်ရာကျွမ်းကျင်သူများက ဖေဖော်ဝါရီ ၂၆ ရက်တွင် နီပေါနိုင်ငံသို့ လာရောက်စစ်ဆေးခဲ့ကြောင်း နီပေါအရာရှိများက ဖေဖော်ဝါရီ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒူရာဒန်ဂီ **(ဓာတ်ပုံ)**သည် လက်ရှိအချိန်၌ အရပ် ၂၂ လက်မ (၅၆စင်တီမီတာ)သာ ရှိနေရာ ၎င်းအနေဖြင့် ကမ္ဘာပေါ်တွင် အရပ်အပုဆုံးလူသားအဖြစ် ဆက်လက်စံချိန်တင်ထားနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယုံကြည်မှုအပြည့်ရှိနေကြောင်း ၎င်းကိုယ်တိုင် ပြောကြားသည်။ ဂင်းနက်စ်မှတ်တမ်းဆိုင်ရာကျွမ်းကျင်သူများက ဒူရာဒန်ဂီ၏ အရပ်အမြင့်ကို နှစ်ကြိမ်တိုင်းတာစစ်ဆေးသွားခဲ့ပြီး တစ်စုံတစ်ရာထုတ်ဖော်မပြောကြားသော်လည်း ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဟု ဒူရာဒန်ဂီက ယုံကြည်နေသည်။ ကမ္ဘာ့အရပ်အပုဆုံး အမျိုးသားတစ်ဦးဖြစ်သည့် ဖိလစ်ပိုင်မှဂျန်ရေးဘာလာဝင်းမှာ အရပ် ၅၉ ဒသမ ၉၃ စင်တီမီတာမြင့်ရာ ဒူရာဒန်ဂီထက် ၃ စင်တီမီခန့်အရပ်ပိုမြင့်နေသည်။ အိန္ဒိယမှအရပ် ၅၇ စင်တီမီတာမြင့်သော ရှုလ်မိုဟာမက်မှာ အသက် ၄၀ အရွယ် ၁၉၉၇ ခုနှစ်က သေဆုံးခဲ့ပြီဖြစ်သည်။

ဒူရာဒန်ဂီအား ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဆက်လက် ဖော်ပြမည့် သတင်းထုတ်ပြန်ချက်ကို ဂင်းနက်စ်မှတ်တမ်းဆိုင်ရာ ကျွမ်းကျင်သူများက မကြာမီ သတင်းထုတ်ပြန်မည်ဖြစ်သည်။

(အင်တာနက်)

မြင့်မောင်စိုး-ရေးသားသည်

ကားလင်းဖလားဗိုလ်လုပွဲ လီဗာပူးတို့ ပယ်နယ်တီဖြင့်နိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၇

ကားလင်းဖလားဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ဝင်ဘလေကွင်း၌ ကျင်းပခဲ့ရာ လီဗာပူးအသင်းက ကာဒစ်ဖ် အသင်းကို ပယ်နယ်တီ သုံးဂိုး-နှစ်ဂိုး ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ **(ယာပုံ)**

ကားလင်းဖလားဘောလုံးပြိုင်ပွဲသည် အင်္ဂလန်တွင် ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားတို့ပြီးလျှင် တတိယရေပန်းအစားဆုံးပြိုင်ပွဲ ဖြစ်သည်။ ဗိုလ်လုပွဲဖြစ်၍ နှစ်သင်းစလုံးအနိုင်ရရှိရေး သူနိုင်ကိုယ်နိုင်အပြိုင်ကြကြသည်။ ပွဲစပြီး ၁၉ မိနစ်အကြာ ကာဒစ်ဖ်အသင်းမှ မက်ဆွန်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးကို ဒုတိယပိုင်းတွင် လီဗာပူးတိုက်စစ်မှူး စကာတယ်က ချေပဂိုး သွင်းယူခဲ့သည်။ ပွဲပြီးသည်အထိ တစ်ဖက်တစ်ဂိုးစီဖြစ်နေ၍ အချိန်ပိုကစားခဲ့ရသည်။ အချိန်ပိုတွင် လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်ဇ်က ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ သို့သော်လည်း ကာဒစ်ဖ်ကစားသမား တန်းနားက ပြန်လည်ချေပဂိုး သွင်းယူခဲ့သည်။ အချိန်ပိုတွင်လည်း သရေပွဲဖြစ်နေ၍ပယ်နယ်တီအဆုံးအဖြတ် ငါးလုံးစီကန်သွင်းကြရာ စုစုပေါင်း လေးဂိုး-သုံးဂိုးဖြင့် လီဗာပူးတို့အနိုင်ရခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂၇-၂-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

ဘရာဇီးနိုင်ငံ အန္တာတိကအခြေစိုက်စခန်း၌ မီးလောင်မှုဖြစ်ပွား

ဘရာဇီးနိုင်ငံ အန္တာတိကအခြေစိုက်သုတေသနစခန်းတစ်ခုတွင် မီးလောင်မှုဖြစ်ပွားမှုကြောင့် ရေတပ်အမှုထမ်းနှစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါရေတပ်တာဝန်ရှိသူများက ပြောကြားသည်။ ဖြစ်ပွားမှုမှာ ဖေဖော်ဝါရီ ၂၅ ရက်က အန္တာတိကကျွန်းဆွယ် တစ်ခုအနီးရှိ ကွန်မင်းန်ဒက်န် ဖာရတ်သုတေသနအခြေစိုက်စခန်းတစ်ခုရှိ စွမ်းအင်ထုတ်လုပ်ရေးအခန်းတစ်ခု အတွင်းမှ စတင်ပေါက်ကွဲရာမှ မီးလောင်မှုဖြစ်ပွားရာ အဆိုပါစခန်းရှိအခြားသော နေရာများကိုလည်း မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ပြင်းထန်သောပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါရေတပ်မှ တာဝန်ရှိသူများက ဆက်လက် ပြောကြားခဲ့သည်။ ယင်းမီးလောင်ပေါက်ကွဲမှုများကြောင့် အဆိုပါစခန်းရှိ သုတေသနပစ္စည်းကိရိယာတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၂၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်ဟု ဆိုသည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် သုတေသနအခြေစိုက်စခန်း၌ ဘရာဇီးသဘာဝပတ်ဝန်းကျင်နှင့် အဲလ်ပ်တောင်တန်း သုတေသနပြုပညာရှင် တစ်ဦးအပါအဝင် သုတေသနပညာရှင်ပေါင်း ၃၀ ခန့်တို့ နေထိုင်ခဲ့သည်ဟု ဆိုသည်။

အီရတ်ဈေးအတွင်း ပေါက်ကွဲမှုဖြစ်ပွား လေးဦးသေဆုံး၊ ကိုးဦးဒဏ်ရာရ

အီရတ်နိုင်ငံအရှေ့ပိုင်း လူစည်ကားရာ ဈေးတစ်ဈေးအတွင်းရှိ ဆိုင်တစ်ဆိုင်တွင် ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းရပ်ကွက်က ပြောကြားသည်။ အဆိုပါပေါက်ကွဲမှုသည် ဗုံးတစ်လုံးပေါက်ကွဲခြင်းဖြစ်မည်ဟု ယုံကြည်ကြောင်း၊ ယင်းပေါက်ကွဲမှုကြောင့် အဆိုပါဈေးဆိုင်မှာ ပျက်စီးသွားခဲ့ပြီး ဘေးချင်းကပ်လျက်ရှိသည့် ဈေးဆိုင်နှစ်ဆိုင်ကိုလည်း ဖြိုဖျက်လိုက်ရကြောင်း၊ ဖြစ်ပွားသည့်နေရာမှာ ဒီယာလာပြည်နယ်အတွင်းရှိသည့် မြို့တစ်မြို့တွင်ဖြစ်ကြောင်း အဆိုပါ သတင်းရပ်ကွက်မှ တာဝန်ရှိသူများက ပြောကြားသည်။ ဒဏ်ရာရရှိသူများနှင့်သေဆုံးသူများမှာ ကလေးသုံးဦးအပါအဝင် အမျိုးသမီးတို့ဖြစ်ကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ယင်းဧရိယာကို ပိတ်ဆို့ဝန်းရံကာ စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။ (အင်တာနက်)

ညအချိန်ရုပ်လျှင် ဘေးမီးငယ်ကိုဖွင့်ထားပါ။

28-2 (06).pmd 1 2/28/2012, 2:22 AM

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးလှမင်းအား ဥရောပပါလီမန်အမတ်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့ဥက္ကဋ္ဌ H.E. Dr. Werner Langen နှင့် အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တပ်မတော်၏ အခန်းကဏ္ဍ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှု၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ ဆက်သွယ်မှုစသည့် နိုင်ငံရေး၊ လုံခြုံရေး၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ဗိုလ်မှူးကြီးအောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်နှင့်အားမမျှ ကုန်တင်ကား မြောင်းထဲကျ

မိုးညှင်း ဖေဖော်ဝါရီ ၂၇

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုးညှင်း-နန်းမား ကိုယ့်အားကိုယ်ကိုး ကားလမ်း လက်ပန်တန်းကျေးရွာနှင့် နှစ်ဖာလုံခန့်အကွာ၌ ပိုင်ရှင်ကိုယ်တိုင် မောင်းလာသော တုန်ဟုန်းအမျိုးအစား ကုန်တင်ကား ၅က/---သည် အရှည်ပေ ၂၀ ခန့်ရှိသည့် သစ်သားတံတားပေါ် အရောက် ဝန်နှင့် အားမမျှသဖြင့် တံတားကျိုးပြီး ကားမှာ မြောင်းထဲသို့ ထိုးကျသွားသည်။ **(ဓါတ်ပုံ)**

အဆိုပါ ဖြစ်ရပ်ကြောင့်လူထိခိုက်မှု မရှိကြောင်းနှင့် ယာဉ်ပိုင်ရှင်မှ အဆိုပါ တံတားကို ပြန်လည်ကောင်းမွန်ရေး အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝဇိရ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် (အဖိတ်နေ့)
၂၈-၂-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	နှောင်းခေတ်တေးပဒေသာ

ညပိုင်း

၄း၁၀	တေးဂီတအစီအစဉ်
၄း၃၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၁၀	ကြေးမုံရိပ်သွင်တေးနှယည်
၅း၄၅	ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၁၅	မိုးလေဝသအခြေအနေ
၈း၀၀	ပြည်တွင်းသတင်း အိန္ဒိယရုပ်ရှင် **ဆွေမျိုးတော် ရင်ဘယ်လိုခေါ်လဲ**(အပိုင်း-၃)

ဖေဖော်ဝါရီ ၁၁ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ် (၄၃) အခြေခံပညာမူလတန်းကျောင်း၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးအေးပြုံးက မြို့နယ်အင်္ဂလိပ်စာထူးချွန် တတိယဆုရ မဆုဝတီအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်

တစ်ဆုပ်ဆန်မှသည် မွေးမြူရေးအာမခံစနစ်ဆီသို့

မောင်အောင် (မွေးကု)

"ကဲ မောင်အောင်ရေ ငါသိချင်တာလေးတစ်ခု မင်းကိုမေးချင်တယ်။ မင်းပြောခဲ့သလို ကြက်ငှက်တုပ်ကွေးဖြစ်တုန်းက ကြက်တွေသောင်းနဲ့ချီပြီး သေတာရှိတယ်။ ရောဂါကူးစက်မှာစိုးလို့ ဖျက်ဆီးခဲ့ရတာရှိတယ်။ အဲဒီဆုံးရှုံးတဲ့မွေးမြူရေးသမားတွေအတွက် မင်းတို့ဌာနက ဘာပြန်ပြီးလုပ်ပေးသလဲ။ ငါကြားရသလောက်တော့ တချို့မွေးမြူရေးသမားတွေဆို နာလန်တောင်မထူနိုင်တော့ဘဲ ကြက်ဆိုရင် ဝေါင်ဝေါင်ရှေးဝေးဝေးရှောင် ဖြစ်ကုန်တယ်ကြားတယ်။"

ဦးကြီး၏ အမေးကြောင့် ကျွန်တော်တို့စကားဝိုင်းကို နားထောင်နေကြသူများ "ဝါး"ခနဲ ရယ်လိုက်ကြသည်။

"ဒါနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးမှာလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က မေးသေးတယ် ကြားတယ်။ မွေးမြူရေးဆိုတာ ဒို့ရွာသားတွေရဲ့ ဒုတိယဝင်ငွေလို့ပြောလို့ရသလို အရေးကြီးတဲ့ ဝင်ငွေကွ။ အဲဒီအတွက် မင်းတို့ဘာလုပ်ပေးဖို့ အစီအစဉ်ရှိသလဲ။"

ရေနွေးကြမ်းမှုတ်သောက်နေသဖြင့် အဖြေမပေးသေးသည့် ကျွန်တော့်ကို ဦးကြီး၏မေးခွန်းများက ဆင့်ကဲဆင့်ကဲထပ်လာသည်။ ပြီးတော့ ဦးကြီးကလည်း ရေဒီယိုနားထောင်၊ သတင်းစာဖတ်ထား၍ ဦးကြီး၏မေးခွန်းများက အချက်အလက်ပိုင်နိုင်လှသည်။

"ဟုတ်ပါတယ် ဦးကြီး။ ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမအစည်းအဝေးမှာ ရခိုင်ပြည်နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "နိုင်ငံတော်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းကြောင့် ကြက်၊ ဘဲများအား သုတ်သင်ရှင်းလင်းရသည့်အခါ မွေးမြူရေးသမား နိုင်ငံသားလုပ်ငန်းရှင်များမနစ်နာစေရန်အတွက် လျော်ကြေး သို့မဟုတ် ထောက်ပံ့ငွေပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အထူးချေးငွေထုတ်ချေးပေးရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း" အဆိုတင်သွင်းခဲ့ပါတယ်။ ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အကြေအလည်ဆွေးနွေးကြပြီး ကျွန်တော်တို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးကလည်း ပြန်ပြီး ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

"ဒီဆွေးနွေးချက်တွေကို ပြန်ပြီးချုပ်လိုက်ရင်တော့ ပထမအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့တဲ့ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယအကြိမ်ဖြစ်ပွားခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ တတိယအကြိမ်ဖြစ်ပွားတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့မှာ ကြက်ငှက်သုတ်သင်ဖျက်ဆီးခံရတဲ့ မွေးမြူသူတွေကို ရောဂါဖြစ်ပွားမှုသတင်းပေးပို့ရာမှာ လွယ်ကူလျင်မြန်စေဖို့ GSM လက်ကိုင်ဖုန်း၊ တိရစ္ဆာန်သုံးဆေးဝါးနဲ့ ရက်သားကြက်ငယ်တွေကို ဒေသအာဏာပိုင်၊ ကျွန်တော်တို့ဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့်မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းပြီး ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကလည်း ချေးငွေထုတ်ချေးပေးခဲ့တာရှိပါတယ်။"

"ငွေချေးပေးရုံနဲ့တော့ မင်းတို့ဥစ္စာမလုံလောက်ဘူးထင်တယ်။ ငွေချေးတာပြန်ပြီးမဆပ်လို့မှမရတာ။ ဒီပြင်နိုင်ငံတွေမှာရော အခုလို သုတ်သင်ဖျက်ဆီးရင် ဘယ်လိုလုပ်ကြသလဲ။ လျော်ကြေးပေးတာရှိသလား" ဦးကြီး၏ စကားက အမှန်တရား ဖြစ်နေ၍ ကျွန်တော်တို့စကားဝိုင်းတွင် နားထောင်နေသူအာလုံးက ကျွန်တော့်မျက်နှာကို ဝိုင်း၍ ကြည့်လာကြသည်။ သူတို့တစ်တွေ အဖြေသိချင်ပုံရသည်။

"ဟုတ်ပါတယ် ဦးကြီး။ ငွေချေးတာက လတ်တလောအခြေအနေကို ဖြေရှင်းပေးတာပါ။ ပြန်ပြီးထူထောင်လို့ရအောင် လုပ်ပေးတာပါ။ ကျွန်တော်တို့အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှာ လျော်ကြေးပေးတာ၊ ထောက်ပံ့ကြေးပေးတာရှိပါတယ်။ အဲဒီနိုင်ငံတွေမှာ ဈေးကွက်ပေါက်ဈေးရဲ့ ၁၅ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းလောက်အထိ ထောက်ပံ့ကြေးပေးကြပါတယ်။ တချို့နိုင်ငံတွေမှာတော့ နိုင်ငံရဲ့စီးပွားရေးအပေါ်မူတည်ပြီး ထောက်ပံ့ကြေးလုံးဝမပေးတာလည်းရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ထောက်ပံ့ကြေးပေးနိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၃ ရက်နေ့ကပဲ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်က မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တွေ၊ မွေးမြူရေးဇုန်တာဝန်ခံတွေနဲ့ ကြက်မွေးမြူရေးလုပ်ငန်းရှင်တွေကို ကျွန်တော်တို့ ရန်ကုန်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံးမှာတွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲလုပ်ပါတယ်။ ထောက်ပံ့ကြေးပေးနိုင်အောင် အဖြေရှာပါတယ်။"

"မင်းတို့အလုပ်ရုံဆွေးနွေးပွဲက ဘာအဖြေရသလဲ။ မင်းတို့ဘယ်လိုလုပ်ကြမလဲ" အလျင်စလိုမေးလာသော ဦးကြီး၏ မေးခွန်းက မွေးမြူရေးထောက်ပံ့ကြေးနှင့်ပတ်သက်၍ သူတို့တစ်တွေ မည်မျှစိတ်ဝင်စားနေသည်ကို ဖော်ပြနေပါသည်။

"အဲဒီအလုပ်ရုံဆွေးနွေးပွဲမှာ ကျွန်တော် မွေးမြူရေးသမားတွေကို ရှင်းပြတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်ကစပြီး ကြက်ငှက်တုပ်ကွေးရောဂါ ငါးကြိမ်ဖြစ်ခဲ့တဲ့အကြောင်း၊ ရောဂါဖြစ်တဲ့အခါတိုင်း ရောဂါဖြစ်တဲ့သတင်းကို ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို စောစောပေးရင်၊ ကျွန်တော်တို့ စောစောသိရင် ရောဂါကိုမြန်မြန်ထိန်းချုပ်နိုင်ကြောင်း၊ မွေးမြူရေးသမားတွေ ရောဂါဖြစ်တဲ့ကြက်ကို ထုတ်မရောင်းဖို့၊ သတင်းစောစောပေးဖို့က သုတ်သင်ဖျက်ဆီးခံရတဲ့ကြက်အတွက် ထောက်ပံ့ကြေးပေးမှု သတင်းစောစောသိရမှာဖြစ်ကြောင်း၊ ဒီအတွက် ထောက်ပံ့ကြေး ရန်ပုံငွေတစ်ရပ်ထူထောင်ထားဖို့လိုကြောင်း ရှင်းပြတယ်။"

"ငါ့တူနှယ် ရှည်ရန်ကော။ အဲဒါ မင်းပြောမှမဟုတ်ဘူးလေ။ ငါတို့သိပြီးသားချည်းလေ။ ငါတို့သိချင်တာက အဲဒီရန်ပုံငွေ မင်းတို့ဘယ်လိုထူထောင်မလဲ။ အစိုးရက ထုတ်ပေးမှာလား။ နိုင်ငံခြားက ထောက်ပံ့မှာလား။ အဲဒါသိချင်တာ"

ဦးကြီး၏ အငေါ်တူးသံကပင် ရှင်းပြနေသည့် ကျွန်တော့်အတွက် အားတက်စရာပင်။

"ဒီရန်ပုံငွေကို ဘယ်နိုင်ငံခြားကမှလည်း မပေးဘူး။ ကျွန်တော်တို့ ပြည်တွင်းပြဿနာ၊ ကျွန်တော်တို့ဘာသာဖြေရှင်းရမှာ။ ကျွန်တော်တို့ပြည်တွင်းအားနဲ့ ကျွန်တော်တို့ဘာသာစုဆောင်းရမှာ၊ ထူထောင်ရမှာ။ ကျွန်တော်တို့မွေးမြူရေးသမားတွေ ကိုယ့်အားကိုယ်ကိုးရမှာ။ ဦးကြီးလည်းသိသားပဲလေ။ ကျွန်တော်တို့ငယ်ငယ်တုန်းက အိမ်မှာ တစ်ဆုပ်ဆန်အမြဲစုတယ်။ ထမင်းချက်ခါနီး ဆန်မဆေးခင် ချက်မယ့် ထမင်းအိုးထဲက ဆန်တစ်ဆုပ်နှိုက်ပြီး အိုးတစ်လုံးနဲ့စုထားတယ်။ တစ်လနှစ်လကြာတော့ ဗြုန်းကနဲ ဆန်မဝယ်ဖြစ်လို့ ဆန်ကုန်သွားရင် စုထားတဲ့တစ်ဆုပ်ဆန်အိုးထဲကနေ ယူပြီး ချက်လို့ရတယ်လေ။ အခုလည်း အဲဒီစနစ်ကို ကျွန်တော်တို့လုပ်မှာ"

"အေးပါ၊ အဲဒါကမင်းတို့ကို ငါသင်ခဲ့တာပါ မောင်အောင်ရာ။ အခုငါသိချင်တာက ဒို့မွေးမြူရေးထောက်ပံ့ကြေးဘယ်လိုစုမလဲ။ ဒို့မွေးမြူရေးသမားတွေအတွက် အာမခံချက်ဘယ်လိုပေးမလဲ။ အဲဒါသိချင်တာပါ။"

"ဟုတ်ပါတယ် ဦးကြီး။ ကျွန်တော်တို့မွေးမြူရေးသမားတွေ စုစည်းကြဖို့လိုတယ်။ ညီညွတ်ကြဖို့လိုတယ်။ ရက်သားကြက်ကလေးတွေ စပြီးမွေးကတည်းက ကြက်ပေါက်ရောင်းတဲ့ ဖောက်စက်တွေက တစ်ကောင်ကို တစ်ကျပ်နှုန်းဖြစ်ဖြစ်၊ တစ်ဆယ်နှုန်းဖြစ်ဖြစ် ဒီမွေးမြူရေးထောက်ပံ့ကြေး ရန်ပုံငွေထဲ ထည့်ဖို့လိုတယ်။ ရန်ကုန်က ကြက်ပေါက်ဖြန့်တဲ့ ဖောက်စက်တွေဆိုရင် တစ်လကို ကြက်ပေါက်ကောင်ရေ ငါးသိန်းလောက် ဖြန့်တယ်။ တစ်ကောင်ကို တစ်ဆယ်နှုန်းနဲ့ ရန်ပုံငွေထဲ ထည့်မယ်ဆိုရင် တစ်လကို သိန်း ၅၀ လောက်ရမယ်။ အဲဒီလိုပဲ ကြက်ဥ၊ ဘဲဥ ဖြန့်တဲ့လူ၊ ရောင်းတဲ့လူတွေ၊ ကြက်ဥ၊ ဘဲဥတစ်လုံး တစ်ကျပ်နဲ့ ကောက်ပြီး ဒီရန်ပုံငွေထဲ ထည့်မယ်ဆိုရင် ရန်ပုံငွေ အများကြီးရမှာ။ ရန်ကုန်မှာတစ်နေ့ကို ကြက်ဥ လေးသိန်းလောက်နဲ့ ဘဲဥနှစ်သိန်းလောက် အဝင်အထွက်ရှိတယ်။ တစ်လုံး တစ်ကျပ်နဲ့ဆိုရင်ကို တစ်နေ့ငါးသိန်း၊ ခြောက် သိန်း၊ ကြက်ဥ၊ ဘဲဥကနေ ရန်ပုံငွေအတွက် ရမှာ။ တစ်လကို သိန်း ၁၅၀-၂၀၀ ဆိုတာ သာသာလေးပဲ။ အဲဒီလိုပဲ ကြက်ထုတ်ပြီးရောင်းတဲ့အချိန်မှာ ငွေစုထားလိုက်ရင် အရေးပေါ် ပေါ်လာတဲ့အချိန် မှာ ဒီငွေက ထူထောင်ရေး ရန်ပုံငွေ ပြန်ပြီး လုပ်လို့ရတာပေါ့ ဦးကြီးရယ်"

"မင်းဟာက ဒီလိုကျတော့လည်း ဟုတ်သားကွ။ အဲ ဒါပေမယ့် အဲဒီလို လုပ်နေတဲ့အဖွဲ့ရောရှိသလား။ ဘယ်အဖွဲ့လုပ်နေသလဲ။ ငွေရော ဘယ်လောက်စုမိပြီလဲ။"

"ရှိတာပေါ့ ဦးကြီးရဲ့၊ ရန်ကုန်တိုင်းဒေသကြီး အသားတိုးကြက်မွေးမြူရေးအသင်းဆိုရင် ရန်ကုန်မင်္ဂလာတောင်ညွန့် ကြက်ဘဲဒိုင်ကို ဝင်ကြ၊ ရောင်းကြတဲ့ ကြက်ဘဲတွေ အပေါ်မှာ တစ်ကောင်တစ်ကျပ်နှုန်းကောက်ပြီး ငွေစုတယ်။ အဲဒီဒိုင်ကို တစ်နေ့ ကြက်ဘဲ ၄၅၀၀၀-၅၀၀၀၀ လောက်ဝင်တယ်။ အဲဒီတော့ ရန်ပုံငွေ တစ်နေ့ ၄၅၀၀၀- ၅၀၀၀၀ လောက်ရတယ်။ တစ်လကို ၁၅ သိန်း၊ တစ်နှစ်ကို သိန်း ၁၈၀။ ဒါတောင် တစ်ကောင်ကို တစ်ကျပ်ပဲကောက်တာ။ ပြီးခဲ့တဲ့နှစ်နှစ်လောက်က အဲဒီအသားတိုး ကြက်အသင်းရဲ့ နှစ်ပတ်လည်အစည်းအဝေးမှာ ဦးကြီးသင်ပေးခဲ့တဲ့ တစ်ဆုပ်ဆန် အကြောင်း ကျွန်တော်ပြောခဲ့တာ။ အဲဒီမှာ သူတို့စပြီး လုပ်ကြတာ။ အခုသူတို့မှာ ရန်ပုံငွေ သိန်း ၃၀၀ လောက်စုထားပြီးပြီ။

ကျွန်တော်က ဦးကြီးစကားဖြင့် ဦးကြီးကို ပြန်၍အမွှန်းတင်လိုက်သည်။

"အေးကွ၊ ဒို့မြန်မာတွေမှာနဂိုကတည်းက အစဉ်အလာကောင်းတွေရှိပြီးသား။ အလေ့အကျင့်ကောင်းတွေရှိပြီးသား။ ဒါတွေကို ထိန်းသိမ်းကြဖို့သာလိုတာ။ လိုက်နာကြဖို့လိုတာ။ အဲဒါနဲ့ ဒို့မွေးမြူရေးသမားတွေက ဒို့ဘာသာငွေစု တစ်ခုခုဖြစ်လာရင် ဒို့ဘာသာထောက်ပံ့ကြေးပေး။ မင်းပြောပုံဖြင့် ဟုတ်နေပြီ။ အဲဒီလိုဆိုရင် မင်းတို့ဌာနကရော ဘာလုပ်ပေးမှာလဲ။ အစိုးရကရော ထောက်ပံ့ပေးတာမရှိတော့ဘူးလား"

"ရှိပါသော်ကော ဦးကြီးရယ်။ ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဒီကြက်ငှက်မွေးမြူမှု ပြန်လည်ထူထောင်ရေးနဲ့ ပတ်သက်ပြီး ၂၀၀၉ ခုနှစ်ကတည်းက မျိုးစေ့ရန်ပုံငွေအနေနဲ့ သုံးနိုင်ဖို့ ငွေကျပ် သိန်း ၂၅၀ ကို မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှာ မတည်ပေးထားပြီးသားပါ။ အဲ ဒါပေမယ့် ဒီငွေဟာ မျိုးစေ့ရန်ပုံငွေဖြစ်တာကြောင့် တိုးပွားအောင်လုပ်ဖို့လိုတယ်။ တိုးပွားလာမှ များများ ဖြန့်ဖြူးနိုင်မှာ၊ များများထောက်ပံ့နိုင်မှာ။ ဒါနဲ့ပတ်သက်ပြီး ပုဂ္ဂလိကနှင့် အများပြည်သူပူးပေါင်းရန်ပုံငွေ (Private-public partnership fund) ထူထောင်ထားဖို့လိုတယ်။ အဲဒါက စောစောက ကျွန်တော်ပြောခဲ့တဲ့ တစ်ဆုပ်ဆန်နည်းနဲ့ ရန်ပုံငွေ ရှာဖို့ပဲ"

"ပြီးတော့ ကျွန်တော်တို့အဖွဲ့တွေဖွဲ့ရမယ်၊ မွေးမြူရေးသမားတွေတွင် မကဘူး။ မွေးမြူရေးလုပ်ငန်းနဲ့ ဆက်သွယ်နေတဲ့ အစာရောင်းသူ၊ မွေးမြူရေး ဆေးဝါးရောင်းသူ၊ ကြက်ပေါက်ထုတ်လုပ်တဲ့ ဖောက်စက်လုပ်ငန်းရှင်တွေ၊ ကြက်ဥ ကြက်သားရောင်းတဲ့လူတွေ အားလုံးပါဝင်ဖို့လိုတယ်။ မွေးမြူရေးလုပ်ငန်းထိခိုက်ရင် ဒီလူတွေအားလုံး စီးပွားရေးထိခိုက်မှာ၊ ကြက်စာရောင်းတဲ့လူ၊ ကြက်ဆေးရောင်းတဲ့လူ၊ ကြက်ပေါက်ရောင်းတဲ့လူတွေက ငါတို့နဲ့ မဆိုင်ဘူးဆိုပြီး ဝင်မပါလို့ မရဘူး။ အဲဒီလူတွေ အားလုံးပူးပေါင်းထည့်ဝင်တဲ့ ရန်ပုံငွေ ကျွန်တော်တို့ ထူထောင်ရမယ်"

"မွေးမြူရေးသမားကလည်း ရန်ပုံငွေတွေတော့ ထူထောင်ထားပြီ၊ တစ်ခုခုဖြစ်ရင် ငါတို့ထောက်ပံ့ကြေးရမှာပဲဆိုပြီး ပစ်စလက်ခတ်တော့မွေးလို့မရဘူး။ ဇီဝလုံခြုံမှုရှိဖို့ လိုတယ်။ ကျွန်တော်တို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှာ ခြံမှတ်ပုံတင်ထားဖို့ လိုတယ်။ ဌာနကဆရာဝန်တွေရဲ့ ကျန်းမာရေးစစ်ဆေးမှုကို လိုက်နာ၊ ညွှန်ကြားတဲ့ အချက်တွေကို ဆောင်ရွက်ဖို့လိုတယ်။ ဒါ့အပြင် သန့်ရှင်းလတ်ဆတ်တဲ့အစာ၊ ရေ၊ စနစ်တကျကျွေး။ ဇီဝလုံခြုံမှုအပြည့်ဆောင်ရွက်။ ကာကွယ်ဆေးတွေသာ သတ်မှတ်အစီအစဉ်အတိုင်း ထိုးကြမယ်ဆိုရင် **"ရောင်လေဝေးဝေးကြက်တုပ်ကွေး"** လို့တောင် ပြောလို့ရမှာပါ ဦးကြီးရယ်"

"ငါ့တူကတော့ အပြောကောင်းကွာ။ အဲဒါဆိုရင် ငါတို့ငယ်ငယ်က **တစ်ဆုပ်ဆန်စနစ်က မွေးမြူရေးအာမခံစနစ်အတွက် အခြေခံကောင်းဖြစ်ပြီပေါ့"**

ဦးကြီး၏အားရပါးရ ပြောလိုက်သည့်အသံက ကျွန်တော်အပါအဝင် မွေးမြူရေးသမားများအတွက် အားဆေးတစ်ခွက်ပင်။ ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ဥက္ကဋ္ဌနှင့်အတူနိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr.Zhang Zxi Jun၊ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Cao Wei Zhou ၊ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၊ ဒုတိယအထွေထွေ အတွင်းရေးမှူး Mr. Wang Zheng Hong ၊ တရုတ်နိုင်ငံဆိုင်ရာပြည်သူ့ ကွန်ဂရက်ရုံး၊ နိုင်ငံရေးဌာန၊ ဌာနမှူး Mr. Hu Xiao Li၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ရုံး၊ နိုင်ငံခြားရေးဌာနမှူး Mr. Xia Ji Hui နှင့် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ အတွင်းရေးမှူး Mr.Sang Fu Hua တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မစ္စတာကျာချင့်လင်က ပြောကြားရာတွင် မိမိအနေဖြင့် အဆွေတော်ဥက္ကဋ္ဌကြီး၏ ဖိတ်ကြားမှုအရ ၂၀၁၁ ခုနှစ်၊ ဧပြီလအတွင်း မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်အတွင်း မြန်မာနိုင်ငံဘက်မှ လိုလေသေးမရှိ ဧည့်ဝတ်ကျေပွန်ခဲ့သည်ကို များစွာကျေးဇူးတင်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား နက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ရှိနေသည်ကိုလည်း ခရီးစဉ်အတွင်း ခံစားခဲ့ရပါကြောင်းဖြင့် ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ပြောကြားရာတွင် မိမိနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ယခုကဲ့သို့ လှိုက်လှဲပျူငှာစွာ ကြိုဆိုဧည့်ခံသည်ကို များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မနှစ်က ဧပြီလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ခရီးစဉ်မှာ တရုတ်-မြန်မာနှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအပြင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် လွှတ်တော်ကို အသိအမှတ်ပြုရာရောက်သဖြင့် မိမိနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များက များစွာဂုဏ်ယူဝမ်းမြောက်ခဲ့ကြပါကြောင်း။

တက်လှမ်းနိုင်

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ပေးခဲ့မှုများအပေါ် မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများက များစွာကျေးဇူးတင်ရှိကြောင်း ထပ်မံပြောကြားလိုပါကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံကြီးအချို့မှ မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြချိန်တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာရပ်တည်ပေးခဲ့မှုကြောင့် မြန်မာနိုင်ငံသည် ယနေ့အချိန်အခါတွင် ယခုလက်ရှိအနေအထားသို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပေါ် အရေးယူတားဆီးပိတ်ဆို့မှုများကို အလျင်အမြန်ဖယ်ရှားပေးသွားရန် မြန်မာနိုင်ငံ၏အကျိုးစီးပွားဘက်မှ တရုတ်နိုင်ငံက ထာဝရရပ်တည်ပေးခဲ့မှုအတွက် မြန်မာနိုင်ငံက အမြဲတမ်းကျေးဇူးတင်ရှိနေပါကြောင်း။

တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကိုလည်း မြန်မာနိုင်ငံက အလေးထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုမှစတင်ပေါ်ထွန်းလာသည့် လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံဘက်မှ အတွေ့အကြုံများ၊ အကြံပြုချက်များကို လေ့လာသွားရန် အသင့်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ်သို့ လျှောက်လှမ်းလျက်ရှိရာတွင် တရုတ်နိုင်ငံ၏ မှန်ကန်သောရပ်တည်မှု၊ ပူးပေါင်းဆောင်ရွက်ပေးမှုများအား မိမိတို့လိုလားပါကြောင်း၊ နိုင်ငံခြားရေးမူဝါဒတွင်လည်း လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် မူဝါဒကို ကျင့်သုံးလျက်ရှိပါကြောင်း၊ အဆိုပါမူဝါဒနှင့်အညီ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ပုံမှန်ဆက်ဆံရေးရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမေရိကန်ပြည်ထောင်စု၊ အီးယူနိုင်ငံများမှ ပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးမှုများ ရှိနေပါကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် လာရောက်စဉ်ကလည်း မိမိနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း။

ဆက်လက်ဆွေးနွေး

အဓိကအားဖြင့် မိမိတို့၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ဆက်ဆံရေးပုံမှန်ပြန်လည်ကောင်းမွန်ရေးဖြစ်ကြောင်း၊ သို့မှသာလျှင် မိမိတို့ မျှော်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံအဖြစ် စနစ်တကျတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ၎င်းတို့နှင့် ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာစေရန်ဆောင်ရွက်ရင်း အခြားတစ်ဖက်ကလည်း တရုတ်နိုင်ငံနှင့်ရှိပြီးသား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တရုတ်-မြန်မာနှစ်နိုင်ငံအကြား တည်ဆောက်လျက်ရှိသည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဒေသတွင်းလုံခြုံရေး၊ ကာကွယ်ရေးကိစ္စရပ်များတွင် မိမိတို့နှစ်နိုင်ငံအကြား ထပ်တူထပ်မျှ စဉ်းစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အမှန်တကယ်အားဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်နှင့် မြောက်ဘက်ရှိ ကြီးမားခိုင်ခံ့သည့် လုံခြုံရေးတံတိုင်းကြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း တရုတ်နိုင်ငံ၏ အနောက်ဘက်နှင့် အနောက်တောင်ဘက်ရှိ လုံခြုံရေးတံခါးမှူးသဖွယ် ဖြစ်နေပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မစ္စတာ ကျာချင့်လင်မှ ပြောကြားရာတွင် အဆွေတော်က ယခုကဲ့သို့ အသေးစိတ်ဆွေးနွေးပြောကြားပေးသည်များကို များစွာကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်မှုမှာ အားရကျေနပ်ဖွယ်ရာအနေအထားတွင် ရှိနေပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံခေါင်းဆောင်ကြီးများက ချမှတ်ပေးခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ချက်သည် မိမိတို့ နှစ်နိုင်ငံအတွက်သာမက ကမ္ဘာ့နိုင်ငံများအားလုံးအတွက် တန်ဖိုးရှိသည့် နိုင်ငံရေးအမွေအနှစ်ကောင်း တစ်ခုဖြစ်ပါကြောင်း။

ထောက်ခံအားပေးပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူမပြုသည့် အနောက်နိုင်ငံများ၏ မည်သည့်တားဆီးပိတ်ဆို့မှုမျိုးကိုမဆို မိမိတို့လက်ခံသင့်မည်မဟုတ်ပါကြောင်း။

တတိယအချက်အနေဖြင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအား စွဲမြဲခိုင်မာစွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအချို့၏ တားဆီးပိတ်ဆို့မှုများကို ကာလတာရှည်ခံစားခဲ့ရရာ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများဖြစ်ကြသည့် မီးရထားလမ်းဖောက်လုပ်ရေး၊ ကားလမ်းဖောက်လုပ်ရေး၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးစသည့် လုပ်ငန်းများသည် နှစ်ပေါင်းများစွာအကျိုးကျေးဇူးခံစားရစေနိုင်မည့် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ ဖြစ်ပါကြောင်း။

ကိုင်တွယ်ဆောင်ရွက်

သို့ရာတွင် အချို့သောအင်အားစုများအနေဖြင့် အဆိုပါစီမံကိန်းကြီးများ ရပ်တန့်သွားစေရန်၊ ဟန့်တားနိုင်ရန် သပ်လျှိုသွေးခွဲဆောင်ရွက်နေသည်များ ရှိပါကြောင်း၊ အဆိုပါအကြံအစည်များကို သတိကြီးစွာထားကာ ကိုင်တွယ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးတွင် အရေးကြီးသည့်အချက်မှာ နယ်စပ်ဒေသများတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး ဖြစ်ပါကြောင်း၊

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်တို့ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ထို့အပြင် မိမိတို့အကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများအဖြစ်လည်း တည်ထောင်ထားရှိပြီးဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှာလည်း ကဏ္ဍအသီးသီးတွင် တိုးတက်မှုများရရှိနေပါကြောင်း။

တိုးတက်အောင်မြင်

ယခုအခါ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများမှာ ရှုပ်ထွေးကာ လျင်မြန်စွာပြောင်းလဲမှုများလည်း ဖြစ်ပေါ်နေပါကြောင်း၊ အချို့နိုင်ငံကြီးများတွင် စီးပွားရေးတိုးတက်မှုနှုန်းထား နှေးကွေးနေပြီး ဥရောပနိုင်ငံအများအပြား၌ ကြွေးမြီပြဿနာများ ဖြစ်ပွားနေချိန်တွင် အာရှနိုင်ငံများတွင်မူ စီးပွားရေးအရ တိုးတက်အောင်မြင်မှုများရရှိနေပါကြောင်း။

မိမိအမြင်အရပြောရလျှင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အချက်မှာ နှစ်နိုင်ငံလုံးအနေဖြင့် မလျှော့သော လုံ့လဝီရိယဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ရေမြေတောတောင်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ရာ နှစ်ဦးနှစ်ဖက်ဆက်ဆံရေးတွင် အပြန်အလှန် အထောက်အကူပြုပြီး များစွာ အကျိုးဖြစ်ထွန်းစေနိုင်ပါကြောင်း။

ကမ္ဘာ့နိုင်ငံရေးတွင် မည်သို့သော ပြောင်းလဲမှုများ ဖြစ်ပွားသည်ဖြစ်စေ မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးမှာ ပြောင်းလဲမှု မရှိပါကြောင်း၊ အမြဲတမ်း အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ကြပါကြောင်း။

သို့ဖြစ်ရာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံများအဆင့်သို့ တက်လှမ်းနိုင်ရန် လက်တွေ့လုပ်ငန်းစဉ်များ (Action Plan) ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်အနေဖြင့် မြန်မာနိုင်ငံမှ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့နှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိရန်ဆောင်ရွက်ပြီး အပြန်အလှန်လေ့လာသွားကြရန် လိုအပ်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် မိမိတို့အကြား အပြန်အလှန်အထောက်အကူပြုမှု၊ အပြန်အလှန် ထောက်ခံမှုပေးသွားရန်ဖြစ်ကြောင်း၊ မိမိတို့အကြား အပြန်အလှန်ထောက်ခံပေးမှုမှာ နှစ်နိုင်ငံဆက်ဆံရေး၏ ထူးခြားချက်တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရသစ်တစ်ရပ်ပေါ်ထွက်လာခဲ့ပြီး နှစ်ရက်အကြာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့မှုမှာ မြန်မာအစိုးရသစ်နှင့် လွှတ်တော်တို့အား တရုတ်နိုင်ငံမှ ထောက်ခံအားပေးမှုကို ပြသခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာအစိုးရသစ်အနေဖြင့်လည်း ပြည်သူများ၏ လူနေမှုဘဝ ပိုမိုမြင့်မားလာစေရေး၊ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တိုးတက်အောင်မြင်မှုများ ရရှိနေခြင်းအပေါ် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ မြန်မာနိုင်ငံတွင် မြန်မာပြည်သူပြည်သားများက ရွေးချယ်လျှောက်လှမ်းသည့် လမ်းကြောင်းကို မိမိတို့ တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝ

တရုတ်-မြန်မာနယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ခြင်းသည် နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားဖြစ်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ပြည်တွင်းတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်များမှာလည်း အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တရုတ်နိုင်ငံအနေဖြင့် အစဉ်လေးစားပြီး မြန်မာအစိုးရအနေဖြင့် ပြည်တွင်းရေးကိစ္စရပ်များကို ပြေလည်စွာဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ပြောကြားရာတွင် အဆွေတော်အနေဖြင့် ယခုကဲ့သို့ အကြံပေးပြောကြားသည်များအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံခေါင်းဆောင်များ စတင်ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်သည် အေးချမ်းသာယာမှုကို ဖော်ဆောင်ပေးနိုင်သည့် မူကြီးများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် ပြည်တွင်းလက်နက်ကိုင်များအရေးကိစ္စတွင် တရုတ်နိုင်ငံဘက်မှ ကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း၊ လိုအပ်လာပါကလည်း အကူအညီများ ဆက်လက်ပေးအပ်စေလိုပါကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများအဆင့်သို့ တက်လှမ်းနိုင်ရန် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ရေးဆွဲသွားရန်ကိစ္စအပေါ် ထောက်ခံကြိုဆိုပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးကိစ္စရပ်များမှာ ထိရောက်ကောင်းမွန်မှုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်ပတ်သက်၍လည်း ကွန်မြူနစ်ပါတီအတွင်းတွင်လည်းကောင်း၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်တွင်လည်းကောင်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်တွင် လည်းကောင်း၊ အဆင့်ဆင့်သော ပါတီအဖွဲ့အစည်းများတွင်လည်းကောင်း လက်တွေ့ကျင့်သုံးနေကြသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ရာ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ကျင့်သုံးနေသည့် တရုတ်နိုင်ငံအဖြစ် ပြောကြားနိုင်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

မိမိအနေဖြင့် ယခုတရုတ်နိုင်ငံခရီးစဉ်မှာ တရုတ်နိုင်ငံ၏ အတွေ့အကြုံများကို လေ့လာရယူနိုင်ရန်၊ နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းစီမံကိန်းကြီးများကို နှစ်ဦးနှစ်ဖက် မျှတစွာ အကျိုးရှိစေပြီး ဆက်လက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေး အသိပေးပြောကြားနိုင်ရန်ဖြစ်ပါကြောင်းနှင့် မိတ်ဆွေနိုင်ငံ၊ အိမ်နီးချင်းကောင်း နိုင်ငံများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား မည်သူပင်သွေးခွဲလာသည်ဖြစ်စေ၊ သွေးမကွဲဘဲဆက်လက်ချစ်ကြည်စွာနေထိုင်ပြီး နှစ်ဦးနှစ်ဖက်မျှမျှတတ အကျိုးဖြစ်ထွန်းစေသော ညှိနှိုင်းဆွေးနွေးမှုပြုကာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

◆ *ကျောက်ဖြူမှ*

အဆွေတော်အနေဖြင့် တရုတ်ကွန်မြူနစ်ပါတီတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်ကို သိရှိနားလည်ပါကြောင်း၊ မြန်မာနိုင်ငံခရီးစဉ်အတွင်း အဆွေတော်ပြောကြားခဲ့သည်များထဲမှ မိမိမှတ်သားမိသည့် တစ်ချက်ရှိပါကြောင်း၊ တရုတ်နိုင်ငံတွင် အမျိုးသားဒီမိုကရေစီစနစ် ထွန်းကားနေသည်ဆိုသည့်အချက်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ပါတီတွင်းတွင်သာမက နိုင်ငံတွင်းမှာ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသည်ဟု နားလည်ပါကြောင်း။

တရုတ်နိုင်ငံသည် နယ်မြေကျယ်ဝန်း၍ လူဦးရေများပြားပြီး လူမျိုးစု ၅၆ခုနှင့်အတူ စနစ်တကျစီမံဆောင်ရွက်၍ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါရပ်တည်လျက်ရှိနေသည်ကို မိမိတို့အားကျမိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တရုတ်နိုင်ငံကဲ့သို့ လုပ်ဆောင်မှုမျိုးရှိစေလိုကြောင်း၊ သို့ဖြစ်ရာ ယခုခရီးစဉ်တွင် တရုတ်နိုင်ငံမှ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံကောင်းများ ရရှိမည်ဟုမျှော်လင့်ပါကြောင်း။

မြန်မာ-တရုတ်ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက် များစွာအကျိုးသက်ရောက်မှုရှိစေသည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာကို လေးစားကြောင်း၊ တရုတ်နိုင်ငံ၏ အသိအမှတ်ပြုမှုသည် မိမိတို့အတွက် အားတက်ဖွယ်ရာဖြစ်ကြောင်း။

မြန်မာနိုင်ငံ အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရသည့် အချိန်များတွင် တရုတ်အစိုးရက မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာရပ်တည်ပေးခဲ့မှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ရှေ့ခရီးတွင်လည်း မြန်မာနိုင်ငံဘက်မှ မှန်မှန်ကန်ကန်ဆက်လက်ရပ်တည်ပေးမည်ဟု မျှော်လင့်ကြောင်း။

အလားတူ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် တရုတ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် တရုတ်ပြည်မှ ဆက်လက်ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း။

တရုတ်၏ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ချက်ကိုလည်း ထောက်ခံကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပါကြောင်း၊ အဆိုပါကိစ္စတွင် လွှတ်တော်၏ ကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိစ္စရပ်များနှင့် ပတ်သက်ပြီး လိုအပ်သည့်အတွေ့အကြုံများရှိလျှင် ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မစ္စတာ Li Yuan Chaom မြန်မာခရီးစဉ်တွင် တွေ့ဆုံခဲ့ရသည့် မိတ်ဆွေဟောင်းများအား ပြန်လည်တွေ့ရသည့်အတွက် ဝမ်းသာမိကြောင်း။

ဒီမိုကရေစီသည် အပြောသာမဟုတ် လက်တွေ့အနှစ်သာရကိုလည်း ကြည့်ရပါကြောင်း၊ မိမိတို့၏ အတွေ့အကြုံအရ စနစ်တကျဦးစီးသည့် ဒီမိုကရေစီစနစ်သည် ကောင်းမွန်သည့်စနစ်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့ဒီမိုကရေစီစနစ်ကို ဦးဆောင်သူသည် တရုတ်ကွန်မြူနစ်ပါတီဖြစ်ကြောင်း၊ တရုတ်ပြည်တွင် တရုတ်ကွန်မြူနစ်ပါတီတစ်ခုတည်း မဟုတ်ကြောင်း၊ အခြားပါတီများရှိသော်လည်း တရုတ်ကွန်မြူနစ်ပါတီဦးဆောင်သည့် ဒီမိုကရေစီစနစ်ကို ထူထောင်ခဲ့ကြကြောင်း၊ နိုင်ငံရေးဘက်တွင် ကိစ္စရပ်များရှိလာပါက ပါတီအချင်းချင်းညှိနှိုင်းမှုရှိကြောင်း၊ အဆင်ပြေစွာ ဆက်ဆံကြကြောင်း၊ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေရှိပြီး ပြည်သူနှစ်သက်သည့်အတွက် အချို့နိုင်ငံမှ နိုင်ငံရေးသမားများ မိမိတို့စနစ်အား မကြိုက်ကြောင်း၊ အဆိုပါ နိုင်ငံများတွင် အာဏာရပါတီများ မကြာခဏအပြောင်းအလဲရှိကြောင်း။

တရုတ်ပြည်တွင် တရုတ်ကွန်မြူနစ်ပါတီအာဏာရသည်မှာ နှစ်ပေါင်း ၆၀ရှိပြီးဖြစ်ကြောင်း၊တရုတ်နိုင်ငံတွင်အမျိုးသားဒီမိုကရေစီကျင့်သုံးနေသကဲ့သို့ တရုတ်ကွန်မြူနစ်ပါတီသည် ဒီမိုကရေစီဗဟိုဦးစီးစနစ်ကို ကျင့်သုံးကြောင်း၊ ပြည်သူလူထု၏ လိုလားချက်များကို တာဝန်ရှိသူများကအထက်အဆင့်သို့ တင်ပြပြီး အထက်အဆင့်မှ ဆွေးနွေးဆုံးဖြတ်၍ အောက်ခြေသို့ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်စေပါကြောင်း၊ ဒီမိုကရေစီလိုအပ်ပါကြောင်း၊ ဒီမိုကရေစီမရှိလျှင် ပြည်သူလူထု ပြည်သူ့ထင်မြင်မှုဆန္ဒကို မထင်ဟပ်နိုင်ကြောင်း၊ တရုတ်၏ ဗဟိုဦးစီးစနစ်သည် လေ့လာရုံသာမဟုတ် တိုင်ပင်ညှိနှိုင်းခြင်းပါ ပါဝင်ကြောင်း၊ CPPCC ရှိ ပါတီအချင်းချင်းညှိနှိုင်းမှုရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်သည် ဒီမိုကရေစီနည်းလမ်းကျသည့်စနစ်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား မတူကွဲပြားခြားနားမှုများရှိကြောင်း၊ သို့ဖြစ်ရာ အခြားနိုင်ငံများ၏ ဒီမိုကရေစီစနစ်အတိုင်း လိုက်ပါကျင့်သုံးရန် ကြိုးပမ်းပါက ပြင်ပလွှမ်းမိုးမှုရှိလာနိုင်ပါကြောင်း၊ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မိမိအခြေအနေနှင့်ကိုက်ညီသည့်နိုင်ငံရေးစနစ်ကို ရွေးချယ်စေလိုကြောင်း၊ တရုတ်နိုင်ငံတွင် စီးပွားရေးစနစ်က ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးစနစ်ဖြစ်ကြောင်း၊ အဆိုပါစနစ်မှာ အတွေ့အကြုံအရရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်အတွက် အထူးအကျိုးရှိကြောင်း။

ဈေးကွက်စီးပွားရေးစနစ်အား အင်္ဂလန်နိုင်ငံက စတင်ဖန်တီးခဲ့သော်လည်း ယခုအခါ တစ်ကမ္ဘာလုံးတွင် အကြီးကျယ်ဆုံးဈေးကွက်စနစ်မှာ အမေရိကန်ဖြစ်ကြောင်း၊ မိမိတို့၏ ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်နမူနာရယူဆောင်ရွက်ခဲ့ရာတွင် ပြဿနာများလည်းရင်ဆိုင်ခဲ့ရကြောင်း၊ ဖြစ်ပေါ်လာသည့် ပြဿနာများတွင် ဆင်းရဲ-ချမ်းသာကွာဟမှု၊ ငွေကြေးဖောင်းပွမှုစသည်တို့လည်း ပါဝင်ကြောင်း၊ အချို့ကိစ္စရပ်များကို ထိန်းချုပ်နိုင်ရန် ဈေးကွက်စီးပွားရေးစနစ်ကို macro control လုပ်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရက ဈေးကွက်စနစ်ကို ထိန်းချုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကဏ္ဍတွင် အစိုးရ၏ ပါဝင်ပတ်သက်မှုများပြားလာကြောင်း၊ အရေးကြီးသည့်အချက်မှာ စီးပွားရေးလုပ်ငန်းကြီးများကို နိုင်ငံပိုင်ကုမ္ပဏီများက တာဝန်ခံဆောင်ရွက်ခြင်းဖြစ်ကြောင်း။

တရုတ်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ကုမ္ပဏီများကို နိုင်ငံတော်ကပိုင်ဆိုင်ကြောင်း၊ သို့မှသာလျှပ်စစ်ဓာတ်အား ပုံမှန်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးအသုံးပြုမှုများပြားပါက တရုတ်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကို ထိခိုက်စေနိုင်ကြောင်း၊ အလားတူ စားနပ်ရိက္ခာထုတ်လုပ်သည့် ကုမ္ပဏီများသည်လည်း နိုင်ငံတော်ကပိုင်ဆိုင်ကြောင်း၊ အဓိကအားဖြင့် စားနပ်ရိက္ခာဈေးနှုန်းတည်ငြိမ်မှုရှိစေရေး ထိန်းထားနိုင်ရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် နိုင်ငံပိုင်ကုမ္ပဏီ၅၄ခုသည် ကမ္ဘာ့အကြီးဆုံးကုမ္ပဏီ (၅၀၀) စာရင်းတွင် ပါဝင်နေကြောင်း။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းသည် တရုတ်နိုင်ငံ၏ အခြေအနေများနှင့် ကိုက်ညီရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ပြုပြင်ပြောင်းလဲရေးပေါ်လစီမှာ တိုင်းပြည်အတွက် အကျိုးရှိမည့် မူဝါဒများကို အတုယူကြောင်း၊ တရုတ်နိုင်ငံအတွက် အကျိုးရှိမလား၊ လုပ်၍ရနိုင်မလားဟု ထည့်သွင်းစဉ်းစားရကြောင်း၊ မည်သည့်ကိစ္စမဆိုသူများအတွေ့အကြုံယူပြီး မိမိနိုင်ငံနှင့် ကိုက်ညီမည့် ပြုပြင်ပြောင်းလဲမှုလုပ်ကြောင်း၊ အရေးကြီးသည့်အချက်မှာ သန်းတစ်ထောင်ကျော်ရှိသည့် ပြည်သူများကို ဦးဆောင်နိုင်ရန် ခိုင်မာပြီး ဦးဆောင်နိုင်သည့်စနစ်တစ်ခုလိုအပ်ကြောင်း၊ အဆိုပါစနစ်ကို တရုတ်ကွန်မြူနစ်ပါတီကသာ ဆောင်ရွက်နိုင်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူလူထု၏ လိုအင်ဆန္ဒကို အထက်အဖွဲ့အစည်းက သိရှိနိုင်ရမည်ဖြစ်ကြောင်း။

ပါတီနှင့် လွှတ်တော်ဒီမိုကရေစီစနစ်ခြားနားမှုလည်းရှိကြောင်း၊ တရုတ်က ဒီမိုကရေစီဗဟိုဦးစီးစနစ် ကျင့်သုံးကြောင်း၊ ယခု တရုတ်ကွန်မြူနစ်ပါတီတွင် ပါတီဝင်စုစုပေါင်းသန်း(၈၀)ကျော် ရှိကြောင်း၊ ၎င်းတို့သည် တရုတ်ပြည်သူများနှင့် ကောင်းမွန်သည့်ဆက်ဆံရေးရှိကြောင်း၊ ကိုယ်စားလှယ်များအား အောက်အဆင့်ဆင့်မှ ရွေးချယ်ပြီး ဗဟိုအဆင့်ထိ အဆင့်ဆင့်ရွေးချယ်ကြောင်း။

တရုတ်ကွန်မြူနစ်ပါတီတည်ထောင်သည့်အခါ သတ်မှတ်ချက်မှာလည်း ဗဟိုဦးစီးစနစ်တွင် အောက်အဆင့်ဆင့်ကော်မတီများက အထက်ကော်မတီကို လိုက်နာရကြောင်း၊ ပါတီကော်မတီများသည် ဗဟိုကော်မတီကို အဆင့်ဆင့်လိုက်နာရကြောင်း၊ သို့ဖြစ်ရာ တရုတ်ကွန်မြူနစ်ပါတီမှ ဒီမိုကရေစီစနစ်နှင့် အမျိုးသားပြည်သူ့ကွန်ဂရက်၏ ဒီမိုကရေစီစနစ်မှာ တစ်ထပ်တည်းကျပါကြောင်း။

နောက်ဆုံးဗဟိုဦးစီးအဖွဲ့၏ ဆုံးဖြတ်ချက်သည် ပြည်သူများ၏လိုအင်ဆန္ဒကို ဖော်ပြနိုင်ရုံသာမက အောက်အဆင့်ဆင့်အထိ ကျင့်သုံးနိုင်ကြောင်း၊ ဥပမာ ကျန်းစုပြည်နယ်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အကျိုးကျေးဇူးကို ခံစားရသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ စီးပွားရေးအရ တိုးတက်ကောင်းမွန်ကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုပါက တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုဇုန်များ မဆောင်ရွက်ခဲ့ပါက နိုင်ငံ၏စီးပွားရေးသည် လက်ရှိပမာဏ၏ တစ်ဝက်ခန့်သာရှိနိုင်ကြောင်း၊ ဖွံ့ဖြိုးရေးဇုန်များမှ အကောက်ခွန်ဝင်ငွေများစွာရရှိကြောင်း၊ ကျန်းစုပြည်နယ်သည် စီးပွားရေးဦးစားပေးမူဝါဒမရှိသည့် ပြည်နယ်များထက် ဝင်ငွေ(၁၀)ဆခန့် များပြားကြောင်း။

တရုတ်အစိုးရအနေဖြင့် တိုင်းပြည်၏ဒေသတိုင်းတွင် ဟန်ချက်ညီညီဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ကျန်းစုပြည်နယ်၏ အခွန်(၆၀)ရာခိုင်နှုန်းကို ဗဟိုသို့ပေးပို့သွားရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ကျန်းစုပြည်နယ်မှာ တရုတ်ကွန်မြူနစ်ပါတီဗဟို၏ ဆုံးဖြတ်ချက်ကို လိုက်နာကျင့်သုံးပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်သောစနစ်နှင့် ပြည်သူလူထုပေါင်းပြီး ဆိုရှယ်လစ်ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြောင်း၊ နိုင်ငံနှင့်ကိုက်ညီသည့် လမ်းကြောင်းမှန်ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ ရှင်းလင်းပြောကြားပေးသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်များသည် သမိုင်းမှုရရှိလာသည့် အတွေ့အကြုံများအပေါ်အခြေခံပြီး လက်ခံကျင့်သုံးသည်ဟု ထင်မြင်ယူဆပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း မိမိတို့အခြေအနေနှင့်ကိုက်ညီသည့်စနစ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်တည်ထောင်ရန် ပြည်သူများကရွေးချယ်ထားပါကြောင်း၊ ယနေ့မြန်မာနိုင်ငံအခြေအနေမှာ လွှတ်တော်တွင်းရောက်ရှိလာသည့် နိုင်ငံရေးပါတီပေါင်း (၁၇)ခုရှိကြောင်း။

ပေကျင်းတက္ကသိုလ်သည် နာမည်ကြီးသကဲ့သို့ ကျင်းဟွာတက္ကသိုလ်သည်လည်း နာမည်ကျော်ကြားပါကြောင်း၊ မြန်မာကျောင်းသားများကိုလည်း ပိုမိုလက်ခံပေးပါရန် တိုက်တွန်းလိုကြောင်း၊ ယနေ့တွေ့ဆုံမှုသည် များစွာအကျိုးရှိပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

❖ *ရွှေဖုံးမှ*

ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြု၍ ကိုယ်ခန္ဓာပင်ပန်းနွမ်းနယ်မှုကို ဂရုမထားဘဲ ကြွရောက်ချီးမြှောက်တော်မူကြကုန်သော သာသနာ့ဦးသျှောင်သက်တော်ရှည် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအား စုံစုံညီညီဖူးမြော်ခွင့်ရရှိခြင်း၊ သာသနာရေးဆိုင်ရာများကို လျှောက်ထားခွင့်ရရှိခြင်း၊ သံဃဝေယျာဝစ္စအဝဝကို စီမံခန့်ခွဲဆောင်ရွက်ခွင့်ရရှိခြင်းစသည့် ထူးခြားသော ပါရမီကုသိုလ်တရားများကို ဆည်းပူးခွင့် ရရှိသဖြင့် ဝမ်းမြောက်ကြည်နူးမှု ဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

သာမဂ္ဂီအရေး ကိုယ်စိတ်ပေး၍ စည်းဝေးညီညာကြွရောက်ချီးမြှောက်တော် မူလာကြကုန်သော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

မြတ်ဗုဒ္ဓဘုရားရှင်သည် ၄၅ ဝါတို့ ကာလပတ်လုံး လူနတ်ဗြဟ္မာသတ္တဝါတို့အား ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်သော ဒေသနာတော်တို့ကို ပဓာနပြုလျက် စာပေကျမ်းဂန်များကို သင်ယူမှတ်သား ဖြန့်ပွားခြင်းတည်းဟူသော ပရိယတ္တိသာသနာ၊ တရားတော်လာအတိုင်း ကျင့်ကြံပွားများခြင်းတည်းဟူသော ပဋိပတ္တိသာသနာ၊ တရားတော်လာ အတိုင်းကျင့်ကြံ ပွားများ အားထုတ်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို ထိုးထွင်း၍ သိမြင်ခြင်းတည်းဟူသော ပဋိဝေဓသာသနာဟူ၍ သာသနာ သုံးရပ်ထားရှိတော်မူပါသည်ဘုရား။

ကျင့်ကြံကြိုးကုတ်အားထုတ်

ပဋိပတ်ကို ကျင့်ကြံအားထုတ်သော သံဃာတော်ပေါင်း ထောင်သောင်းမက ရှိစေကာမူ ပရိယတ်ကို သင်ယူပို့ချသူ မရှိခဲ့သော် မှန်ကန်သောအကျင့်တရားများ အားနည်းညှိုးမှိန်ပြီး သာသနာတော်လည်း ပျောက်ကွယ်သွားနိုင်ပါသည်ဘုရား၊ ပဋိပတ်၌တည်သော ပညာရှိပုဂ္ဂိုလ်တို့သည် ယောဂလေးပါးတို့ ကုန်ရာအရဟတ္တဖိုလ်ကိုမဖျက်ဆီးနိုင်ဟူသော သဒ္ဒနီတိကျမ်းပြုဆရာတော်၏ အဆိုအမိန့်နှင့်အညီ ပရိယတ်ကို သင်ယူပြီးလျှင် ပဋိပတ်ကိုလည်းကျင့်ကြံကြိုးကုတ်အားထုတ်ဖို့ လိုအပ်လှပါသည်ဘုရား။

မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးကိုဖွဲ့စည်း၍ ဝိနိစ္ဆယရေး၊ သာသနာရေး၊ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်လာခဲ့သည်မှာ နှစ်ပေါင်း (၃၀)ကျော်ခဲ့ပြီဖြစ်ပါသည် ဘုရား။ ဖြတ်သန်းလာခဲ့သည့် နှစ်ပေါင်း(၃၀) ကျော်ကာလအတွင်း သိက္ခာမတင်သိမ်မဝင်သည့် ရဟန်းတု ရဟန်းယောင်များကို ဖယ်ရှားနိုင်ခဲ့သလို မြတ်ဗုဒ္ဓ၏ အဆုံးအမသာသနာတော်ကို ထင်ယောင်ထင်မှား ဖြစ်အောင်ဖျက်ဆီးနေကြသည့် အဓမ္မဝါဒများကိုလည်း ဖော်ထုတ်၍ စိစစ်သုံးသပ်ဆုံးဖြတ်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်ဘုရား။

ကမ္ဘာလောကကြီး၌ နေမင်းကြီး ထွန်းလင်းသောအခါ အလင်းရောင်ကို စောင့်ရှောက်ထားနိုင်သကဲ့သို့ သုတ္တန်ဝိနည်း အဘိဓမ္မာတရားတော်များ တည်ရှိထွန်းပနေသမျှ ကာလပတ်လုံး ဗုဒ္ဓအဆုံးအမတည်းဟူသော သာသနာ့အလင်းရောင်ကို စောင့်ရှောက်ထားရာရောက်သည့်အတွက် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ မပျောက်ပျက်စေရေးရှေးရှုပြီး တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကိုလည်း နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် စာဖြေသံဃာများပြားမှုအရ မဟာပါဿာဏလိုဏ်ဂူတော်ကြီးအပြည့် စာပြန်ပလ္လင်များတွေ့ရှိရ၍လည်း သာသနာတော်အတွက် အားတက်ကြည်နူးမှုဖြစ်ရပါသည်ဘုရား။

ယခုအခါ သာသနာတော်မြတ်ကြီးသည် ဥယျာဉ်ကြီးတစ်ခုပမာ လှပဝေဆာလျက် အခက်အလက်အသီးအပွင့်တို့ဖြင့် စည်ပင်တိုးတက်လျက်ရှိနေရာ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတိုင်း ပရိယတ်ပဋိပတ်တို့ကို ကျင့်ကြံကြိုးကုတ်အားထုတ်ဆောင်ရွက်လျက်ရှိနေပါသည်ဘုရား။

ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေသာသနံ ဌိတံ ဟောတိ-ဟု ပထမသင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပ မထေရ်မြတ်ကြီးအား ရဟန်းသံဃာများ လျှောက်ထားသည့် ဒေသနာစကားအရ သာသနာတော်သုံးရပ် အဓွန့်ရှည်ကြာစွာ တည်တံ့ပြန့်ပွားရန်မှာ သာသနာတော်အသက်ဟု ဆိုထိုက်သော သီလသိက္ခာဝိနည်းဒေသနာပင် ဖြစ်ပါသည်ဘုရား။ ဗုဒ္ဓ၏သားတော် ရဟန်းတော်မှန်သမျှ ဝိနည်းဒေသနာတော်နှင့်အညီ ကျင့်ကြံကြိုးကုတ်အားထုတ်နေထိုင်ရမည်ဟု ဆိုသဖြင့် ဝိနည်းဒေသနာတော်နှင့်အညီ နေထိုင်မှုမရှိပါက ဘုရားသားတော်မဟုတ်ဟု အပြန်အားဖြင့် ယူရမည်ဖြစ်ရာ သာသနာတော် မကွယ်ပျောက်ရေးအတွက် ဘုရားသားတော်မဟုတ်သူများကို ဖယ်ရှား၍ ဘုရားသားတော်များ တိုးပွားအောင် ဆရာတော်ကြီးများက အထူးအလေးထား ဆောင်ရွက်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းများအားလုံး သီလသိက္ခာဝိနည်းဒေသနာတော်ကို အလေးဂရုပြုကြပြီး လိုက်နာကျင့်သုံးနေထိုင်သွားကြမည်ဆိုပါက မြတ်ဗုဒ္ဓသာသနာတော်၌ မကြည်ညိုသေးသောသူများလည်း ကြည်ညိုလာမည်ဖြစ်ပြီး ကြည်ညိုပြီးသော ပုဂ္ဂိုလ်များသည်လည်း အတိုင်းထက်အလွန်ကြည်ညိုမှုများ တိုးပွားလာမည်ဖြစ်၍ သီလသိက္ခာ အလင်းရောင်ကြောင့် သာသနာတော်သည် နေလပမာ အဓွန့်ရှည်ကြာစွာ စည်ပင်ပြန့်ပွားထွန်းလင်းနေမည်ဖြစ်ပါသည်ဘုရား၊ သီလသိက္ခာဝိနယဓမ္မ ထွန်းလင်းတောက်ပနေပါလျှင် သမာဓိသိက္ခာ-သုတ္တန်ဒေသနာတော်နှင့် ပညာသိက္ခာ-အဘိဓမ္မာ ဒေသနာတော်များသည်လည်း စည်ပင်ပြန့်ပွားထွန်းကားလာမည်မှာ အမှန်ပင်ဖြစ်ပါသည်ဘုရား။

သဒ္ဓမ္မသုံးဖြာ သာသနာတော် ကွယ်ပျောက်ကြောင်း တရားငါးပါးကို အင်္ဂုတ္တရ နိကာယ်ပဉ္စကနိပါတ်၊ တတိယသမ္မောသသုတ်၌ ဟောကြားတော်မူခဲ့သည်ကို နာယူမှတ်သားဖူးပါသည်ဘုရား။

ရဟန်းတော်များသည်-

၁။ မမှန်သော ပါဠိပုဒ်ဗျည်းတို့ဖြင့် ပို့ချခြင်း၊ သင်ယူခြင်း၊

၂။ မြတ်ဗုဒ္ဓ၏ အဆုံးအမကို မနာယူသော ဒုဗ္ဗစရဟန်းများ ဖြစ်ခြင်း၊

၃။ ပရိယတ္တိ တတ်ကျွမ်းသော ပုဂ္ဂိုလ်ရှားပါး၍ ပါဠိအဋ္ဌကထာတို့ကို မပို့ချခြင်း၊

၄။ လာဘ်လာဘ ရှေ့တန်းတင်၍ ပစ္စည်းလေးပါး ပေါများရန်၊ ဘုန်းကြီးရန် ကျင့်ကြံခြင်း၊

၅။ သံဃာအချင်းချင်း ကွဲပြားကြကာ ဒါယကာ- ဒါယိကာမများ၏ အကြည်ညို သဒ္ဓါတရား ပျက်စီးစေခြင်း၊

တတိယသမ္မောသသုတ် ဒေသနာတော်သည် သာသနာ့ဝန်ဆောင် ရဟန်းတော်များအား အထူးအလေးထား၍ မြတ်ဗုဒ္ဓက သြဝါဒပေးထားသည်ကို တွေ့ရှိရပါသည် ဘုရား။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းတော် သံဃာတော်များသည် ဗုဒ္ဓမိန့်မှာသည့် တတိယသမ္မောသသုတ်ဒေသနာတော်နှင့်အညီ သာသနာတော်တည်တံ့ကြောင်း ပရိယတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်တော်မူကြလျက်ရှိကြပါသည် ဘုရား။ ဂိုဏ်းပေါင်းစုံ ဆရာတော် သံဃာတော်များအနေဖြင့် ပရိယတ် ပဋိပတ်ခုရနှစ်ဖြာနှင့်ပြည့်စုံသည့် ရဟန်းသာမဏေများတိုးပွားစေရေးအတွက် အခါအားလျော်စွာ သြဝါဒပေးဆောင်ရွက်တော်မူကြပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကြီးသို့ ကြွရောက်ချီးမြှောက်တော်မူကြ ကုန်သော ဆရာတော်ကြီးများ အဆင်ပြေချောမွေ့စွာ သီတင်းသုံးနေနိုင်ရေး၊ ဆွမ်းကွမ်းဝေယျာဝစ္စ ထောက်ပံ့လှူဒါန်းရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည်တို့၌ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းလျက် စီမံဆောင်ရွက်ထားပါသည် ဘုရား။ သို့ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တပည့်တော်တို့ဝန်ကြီးဌာနများကိုယ်စား ဆောင်ရွက်ကြသူတို့အနေဖြင့် သတိမေ့လျော့ချို့ယွင်းမှုကြောင့် လစ်ဟင်းမှု အဆင်မပြေမှု တစ်စုံတစ်ရာရှိခဲ့ပါလျှင် သည်းခံခွင့်လွှတ်တော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်ပါသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရားဟု လျှောက်ထားသည်။

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသည့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များအတွက် သံဝေဂဉာဏ်ပွားတော်မူခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်း ခံရသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်များနှင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို တင်ပြလျှောက်ထားပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက်သက်ဆိုင်ရာ ဆရာတော်များက ဖတ်ကြားတင်သွင်း လျှောက်ထားတော်မူပြီး ပထမနေ့ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဆဋ္ဌအစည်းအဝေး၏ တစ်နေ့တာဆွမ်းအလှူကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းရှိ (ဦးသိန်းမောင်-ဒေါ်ပါးပါး) စန္ဒီပရဆေးမိသားစုက ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မူလတန်းကြိုကလေးငယ်များ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၁ ရက်က လှိုင်မြို့နယ် အမက(၂၂) လှိုင်၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ သူငယ်တန်းမှ ပထမဆုရရှိသော မောင်အောင်ခန့်မှူးအား ဆရာမကြီး ဒေါ်သက်သက်မော် ဆုချီးမြှင့်စဉ်။ (၁၂၂)

မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန်

(၁) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ် (ဗွီးတက်) တစ်ပါတည်းပါရှိရမည်။
(၂) အရည်အသွေးကောင်းမွန်သော ဆိုင်ကယ်စီး ဦးထုပ်ဆောင်း၊ မေးသိုင်းကြိုးတပ်ရမည်။
(၃) နှစ်ယောက်ထက်ပိုမစီးရ။
(၄) မူးယစ်သောက်စားပြီးဆိုင်ကယ်မစီးရ။
(၅) အရှိန်ပြင်းမမောင်းရ၊ ပြိုင်မမောင်းရ၊ လုမမောင်းရ၊ သတ်မှတ်ထားသည့် မိုင်နှုန်းအတွင်းသာမောင်းနှင်ရမည်။
(၆) လမ်းလက်ယာဘက်သတ်မှတ်ယာဉ်ကြောမှ မောင်းရမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်

ဥပ္ပါတသန္တိစေတီတော်ကြီး၏ စတုတ္ထအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်-

* ၁-၃-၂၀၁၂ ရက်နေ့မှ ၄-၃-၂၀၁၂ ရက်နေ့အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပခြင်း။
* ၆-၃-၂၀၁၂ ရက်နေ့(တပေါင်းလဆန်း ၁၄ ရက်) နံနက်ပိုင်းတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း။
* ၇-၃-၂၀၁၂ ရက်နေ့ (တပေါင်းလပြည့်နေ့) နံနက်ပိုင်းတွင် ရွှေကြာသက်န်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကြီးတင်ခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း။
* ၇-၃-၂၀၁၂ ရက်နေ့ (တပေါင်းလပြည့်နေ့) ညနေပိုင်းတွင် ဆီမီး (၉၀၀၀) ပူဇော်ခြင်း။
* ၁-၃-၂၀၁၂ ရက်နေ့မှ ၈-၃-၂၀၁၂ ရက်နေ့အထိ ပွဲတော်ကွင်းအတွင်း ပျော်ပွဲ/ရွှင်ပွဲများကျင်းပခြင်း။

ဂေါပကအဖွဲ့

ဧရာဝတီတိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး၊ ဒုစရိုက်မှုများလျော့ပါးပပျောက်ရေးအတွက် ဖေဖော်ဝါရီ ၁၈ ရက်က မြောင်းမြမြို့ မြရတနာရပ်ကွက် ဘီ-၂ လမ်းရှိ ရွှေဖုန်းမြင့်အခြေခံပညာမူလတန်းကျောင်းတွင် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်မိုး ပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ရေလိန်ရွာမ ပြည်သူများနှင့် မြို့နယ် မသန်စွမ်းအရင်းအမြစ်ဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ငွေကျပ် ၆၂ သိန်း အကုန်ကျခံတည်ဆောက်ခဲ့သော အလျားပေ ၆၆၂၀ရှိ ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီက အဆိုပါကွန်ကရစ်လမ်းထိပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးမောင်နှင့် The Leprosy Mission (Myanmar)ဌာနတာဝန်ခံ ဒေါ်ဇင်မာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေလိန်ရွာမကွန်ကရစ်လမ်းသစ်ဖွင့်လှစ်နိုင်ခဲ့သောကြောင့် မော်ကျွန်း-မအူပင်-ရန်ကုန် မော်တော်ကားလမ်းနှင့် တိုက်ရိုက်ဆက်သွယ် သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(ဝ၆၅)**

အမကကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

သာစည် ဖေဖော်ဝါရီ ၂၇

သာစည်မြို့နယ် ကွဲ့တပ်ဆုံကျေးရွာအုပ်စု မုံပင်ဆုံကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျောင်းဆောင်သစ်ကို မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေး၊ အကျဉ်းဦးစီးဌာနထောင်ပိုင်ကြီး ဦးမြင့်သိန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့မာလာဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါအခြေခံပညာကျောင်းသစ်မှာ ကိုးပင်၊ ရှစ်ခန်းအဆောက်အအုံဖြစ်ပြီး အလျား ၇၂ ပေ၊ အနံ ပေ ၃၀ရှိ စာသင်ခန်းလေးခန်းပါရှိကာ ပညာရေးဌာနက ကူညီပံ့ပိုးငွေကျပ် ၁၃၆ သိန်း၊ ကျေးရွာမိဘပြည်သူတို့က ထည့်ဝင်ငွေကျပ် ၄၆ သိန်းဖြင့် တည်ဆောက်ခဲ့သော ကျောင်းဆောင်သစ်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ငါးပုတ်သင်နှင့် ငါးစီပေါင်း ပြည်ပပို့ကုန် ဝင်ငွေကောင်း

မော်လမြိုင် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်မှ အသားငါးထုတ်လုပ်မှုကဏ္ဍတွင် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့လျက်ရှိသော ငါးပုတ်သင်နှင့်ငါးစီပေါင်းသည် နိုင်ငံခြားဝင်ငွေတိုးလျက်ရှိသည်။ **(အပေါ်ပုံ)** ငါးပုတ်သင်သည် ပြည်ပဝယ်လိုအားကောင်းသော ငါးဖြစ်သည်။ နှစ်စဉ်အအေးဓာတ်ရှိသော နိုဝင်ဘာ၊ ဒီဇင်ဘာလတွင် အများဆုံးဝင်ရောက်တတ်ပြီး ယခုရာသီတွင် ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွင်လည်း အအေးဓာတ်များရှိနေသောကြောင့် ငါးဒိုင်သို့ အဝင်များလျက်ရှိကာ ဝင်ငွေကောင်းလျက်ရှိသည်။

ပို့ဆောင်

မော်လမြိုင်မြို့ရှိ သံလွင်ဈေးတွင် ငါးဒိုင် ၁၁ ဒိုင်ရှိပြီး ပင်လယ်ပြင်နှင့် မွန်ပြည်နယ်တစ်ခွင်မှ ငါးပုတ်သင်ငါးများ အဝင်များလျက်ရှိကာ ငါးစီပေါင်းထုတ်ပြီး အစို ၁၅ ကျပ်သားအကောင်အထက် တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ဈေးနှင့် ၂၀ ကျပ်သားအကောင်အထက် ငွေကျပ် ၈၀၀၀ ဈေးရှိသည်။ ၅၀ကျပ်သားအရွယ်အောက်မှ ရရှိသော ငါးစီပေါင်းအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀၀၊ ၅၀ ကျပ်သားအထက်ရရှိသော ငါးပုတ်သင်မှ ငါးစီပေါင်းအခြောက်တစ်ပိဿာလျှင် ငွေကျပ်တစ်သိန်းကျော်ဈေးရှိပြီး တရုတ်ပြည်သို့ ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

ပင်လယ်မှ ရောက်ရှိလာသောငါးများကို ဒိုင်မှချိန်တွယ်ပြီး အရွယ်အစားခွဲ၍ ငါးစီပေါင်း ဦးစွာထုတ်ယူသည်။ ထုတ်ယူပြီးငါးများကို မှာယူသည့်အရွယ်အစားအလိုက် အချိန် ၈၀ ဝင်သေတ္တာတွင်ထည့်၍ ရေခဲရိုက်ကာ ရန်ကုန်မြို့ ပုဇွန်တောင်သို့ ပို့ဆောင်သည်။ ငါးပုတ်သင် အဝင်များသောရာသီတွင် တစ်နေ့သေတ္တာ ၁၀ လုံးအထက် တင်ပို့နိုင်ပြီး နံနက် ၉ နာရီလှန်း၍ ညနေ ၃ နာရီ ရုပ်သိမ်းသော ငါးစီပေါင်းအခြောက်ကို ရန်ကုန်မြို့ရှိ ဘုရင့်နောင်ပွဲရုံသို့ တင်ပို့သည်။ ငါးစီပေါင်းသည် အထီးထက် အမကဈေးပိုရသည်။ အသားများသော ငါးပုတ်သင်ကို ပြည်ပသို့တင်ပို့ရန် ရွေးချယ်တတ်ကြသည်။ ငါးစီ ပေါင်းသည်လည်း ဈေးကွက်ဝင်သောကြောင့် ငါးမြစ်ချင်းပြည်ပတင်ပို့မှုကဲ့သို့ ရာသီမရွေးတင်ပို့နိုင်သော နည်းလမ်းများရှာဖွေနိုင်ပါက ပြည်ပပို့ကုန်အဖြစ် ဝင်ငွေကောင်းမည့်အပြင် နိုင်ငံခြားဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း မော်လမြိုင်မြို့ သံလွင်ဈေးရှိ ငါးပွဲရုံပိုင်ရှင်တစ်ဦးက ပြောကြားသည်။ **(၁၆၄)**

ဝယ်ယူထားသော အရန်ဆန်များ ကဏ္ဍသုံးရပ်ဖြင့် အသုံးပြုသွားမည်

သတင်းဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကော်မတီဝင် ၁၀ ဦး ပါဝင်သည့် နိုင်ငံတော် အရန်ဆန်ထားရှိရေးကော်မတီကို ဖွဲ့စည်းခဲ့တယ်လို့ သိရပါတယ်။

ယင်းကော်မတီက စာနယ်ဇင်းရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် ညနေက ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရှိ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းမှာ ပြုလုပ်သွားခဲ့ပါတယ်။

နိုင်ငံတော်အရန်ဆန်ထားရှိရေးကော်မတီကို စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ဝယ်ယူရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီလေးဖွဲ့နဲ့ ဆောင်ရွက်သွားမယ်လို့ ကြားသိခဲ့ရပါတယ်။

ဖေဖော်ဝါရီ ၄ ရက်က စတင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးများအတွင်းရှိ ၄၆ မြို့နယ်မှ စပါးစိုက်တောင်သူလယ်သမားများထံက တိုက်ရိုက်ဝယ်ယူလျက်ရှိနေသည်ဟု သိရပါသည်။

အရန်ဆန်များကို ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၃၀၀၀၀ (ကျပ်သုံးသိန်းသုံးသောင်း)နှုန်းဖြင့် ဝယ်ယူလျက်ရှိနေပြီး ဝယ်ယူထားသော အရန်ဆန်များအား ကဏ္ဍသုံးရပ်ဖြင့် အသုံးပြုသွားမည်ဖြစ်ရာ ပထမအနေဖြင့် ပြည်တွင်းစားသုံးမှုဆန်များ ဈေးနှုန်းမြင့်တက်သွားပါက ဝယ်ယူထားသော အရန်ဆန်များကို ထုတ်ရောင်းပြီး ဈေးနှုန်း တည်ငြိမ်အောင် အဓိကထိန်းသွားမည်ဖြစ်ကြောင်း၊ ဒုတိယအနေဖြင့် ပြည်တွင်းနှင့်ပတ်ဝန်းကျင် အာဆီယံနိုင်ငံတို့၌ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ယင်းအရန်ဆန်များဖြင့် ထိန်းသွားမည်ဖြစ်ကြောင်း၊ တတိယအနေဖြင့် ကမ္ဘာ့ဈေးကွက်၌ ဝယ်လိုအားကျဆင်းသည့်အချိန်၌ ဈေးကွက်အသစ်ရှာဖွေ တင်ပို့ရောင်းချသွားရန်ဖြစ်ကြောင်း ယင်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဒါ့အပြင် နွေစပါးပေါ်လာသည့်အခါတွင်လည်း စပါးစိုက်တောင်သူလယ်သမားများ အဆင်ပြေစေရေးအတွက် ယင်းကော်မတီကပင် ဝယ်ယူသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေကြောင်းကိုလည်း သိခွင့်ရခဲ့ပါတယ်။

နိုင်ငံတော်အတွက် အရန်ဆန်များကို စပါးစိုက်တောင်သူလယ်သမားများထံမှသာ တိုက်ရိုက်ဝယ်ယူစုဆောင်းရမည်ဖြစ်ပြီး အလေးချိန်၊ အရည်အသွေးမှန်ကန်မှုရှိမရှိကိုလည်း မြို့နယ်များသို့ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည့်အပြင် မသမာမှုများပြုလုပ်လာပါက အဝယ်ဒိုင်များအား ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားဖို့ရှိကြောင်း ထိုစာနယ်ဇင်းရှင်းလင်းပွဲမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှ ဆန်များ ရန်ကုန်မြို့သို့ ဝင်ရောက်လာစဉ်။

မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ရရှိခဲ့သော မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းမှ လက်စွမ်းပြကစားနိုင်ခဲ့ကြသည့် မြန်မာ့လက်ရွေးစင်ဘော်လီဘောအားကစားသမားသုံးဦးသည် ၂၀၁၂ခုနှစ် ပထမအကျော့ Vietnam League အမျိုးသား ဘော်လီဘောအသင်းများ၌ Professional ဘော်လီဘောအားကစားသမားများအဖြစ် ကစားရန် ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြသည်။ **(အောက်ပုံ)**

မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားများဖြစ်ကြသည့် ရဲမင်းအောင်က PHU THO ကလပ်၌ လည်းကောင်း၊ ကျော်ရွှေက ARMY (4) ကလပ်၌ လည်းကောင်း၊ ဝင်းထွန်းဦးက ARMY (9) ကလပ်၌ လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး တစ်လလျှင် အမေရိကန်ဒေါ်လာ ၂၅၀၀ စီ ရရှိမည်ဖြစ်သည်။ ယင်းမြန်မာ့လက်ရွေးစင်ဘော်လီဘော အားကစားသမားသုံးဦးစလုံးမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ၌ ကျင်းပမည့်ဒုတိယအကျော့ Vietnam League ပြိုင်ပွဲတွင်လည်း ဆက်လက်ကစားရန် အကြိုသဘောတူညီမှုရရှိခဲ့သည်။ ဒုတိယအကျော့ Vietnam League ပြိုင်ပွဲတွင် Thailand League ဘော်လီဘောပြိုင်ပွဲ၌ ကစားနေသော မြန်မာ့လက်ရွေးစင် အောင်သူအား ARMY (9) အသင်းက တစ်လလျှင် အမေရိကန်ဒေါ်လာ ၄၅၀၀ ဖြင့် ကစားရန် အကြိုသဘောတူညီထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

လောင်စာဆီရောင်းဝယ်မှု ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၇)ရပ်ကွက် သဒ္ဒါရုံလမ်းရှိ အိမ်တစ်အိမ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဆီများကို သိုလှောင်ရောင်းဝယ်နေပါသဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ရေမြောင်းပိတ်ဆို့မှုကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

သာကေတမြို့နယ် ၃ /ရန်ပြေရပ်ကွက် သုမနလမ်းထိပ် ရေမြောင်းနှင့် စောရန်ပိုင်လမ်းခွဆုံရှိ ရေမြောင်းများသည် ရေထွက်ပေါက်မရှိဘဲ ရေများလျှံနေပြီး အဆိုပါ ရေဆိုးများမှ ခြင်များပေါက်ပွားမှုကြောင့် ရပ်ကွက်အတွင်းရှိ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သုမနလမ်းသား**

အနံ့အသက်ဆိုးများ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် အောင်မင်္ဂလာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ လမ်းဘေးဈေးသည်များသည် အမှိုက်သရိုက်များကို ရေမြောင်းထဲသို့ စွန့်ပစ်ခြင်းကြောင့် အနံ့ဆိုးများထွက်ခြင်း၊ ကြော်လှော်ချက်ပြုတ်ခြင်းကြောင့် ညှော်နံ့များထွက်ခြင်းတို့ကို ပတ်ဝန်းကျင်နေထိုင်သူမခံနိုင်အောင်ဖြစ်ရသည့်အပြင် ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးစိုးရိမ်သူ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အစည်းအဝေးခန်း၌ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့် မိမိတို့အခြေအနေနှင့် ကိုက်ညီသည့်စနစ်ကို ဆက်လက်ဆောင်ရွက်သွားမည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်တည်ထောင်ရန် ပြည်သူများက ရွေးချယ်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

အခြားနိုင်ငံများ၏ ဒီမိုကရေစီစနစ်အတိုင်း လိုက်နာကျင့်သုံးရန်ကြိုးပမ်းပါက ပြည်ပလွှမ်းမိုးမှုရှိလာနိုင် မြန်မာနိုင်ငံအနေဖြင့် မိမိအခြေအနေနှင့်ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို ရွေးချယ်စေလို

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူးရုံး အတွင်းရေးမှူးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဖွဲ့စည်းရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Li Yuan Chao

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူးရုံး အတွင်းရေးမှူးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဖွဲ့စည်းရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Li Yuan Chao တို့ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးရုံး အတွင်းရေးမှူးနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဖွဲ့စည်းရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Li Yuan Chao နှင့် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Jiang Su ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ သူရဦးအောင်ကို၊ ဦးမောင်မောင်ဆွေ၊ ဦးကြည်မင်း၊ ဦးစိန်တင်ဝင်း၊ ဦးဆန်းဆင့်၊ ဒေါက်တာမောင်မောင်ဝင့်၊ ဗိုလ်မှူးကြီးဌေးနိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးနှင့် ပြည်သူ့လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီး H.E.Mr. Li Yuan Chao နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Zhang Zhi Jun၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဖွဲ့စည်းရေးဝန်ကြီးဌာန အတွင်းရေးမှူးချုပ် Mr. Deng Sheng Ming၊ အမျိုးသားပြည်သူ့ကွန်ဂရက် ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Mr.Cao Wei Zhou၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဖွဲ့စည်းရေးဝန်ကြီးဌာန ညွှန်ကြားရေးဝန်ရုံး ညွှန်ကြားရေးမှူးချုပ် Mr. Wu Yu Liag၊ တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ နိုင်ငံခြားဆက်သွယ်ရေးရုံး ညွှန်ကြားရေးမှူးချုပ် Mr.Hu Xiao Li၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Luo Zhao Huiနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားရာတွင် တရုတ်ပြည်၏ ငြိမ်းချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်မှုအစီအမံများကို မြန်မာက ဂုဏ်ယူအားကျလျက်ရှိပါကြောင်း၊ တရုတ်ပြည်၏အောင်မြင်မှုသည် မြန်မာနိုင်ငံ၏ အောင်မြင်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ တရုတ်ပြည်၏ နိုင်ငံရေးတည်ငြိမ်မှုသည် တရုတ်ကွန်မြူနစ်ပါတီ၏ဦးဆောင်မှု အရေးကြီးသည်ကို ဖော်ပြနေပါကြောင်း။ *စာမျက်နှာ ၉ ကော်လံ ၁* ◆

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

စစ်ကိုင်းတိုင်းဒေသကြီးမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သည့် ရွှေလီမြစ်ကူး ရွှေလီတံတား စာ-၅

(၈၄)ကြိမ်မြောက် ရုပ်ရှင်အော်စကာဆုများ ရွေးချယ်ချီးမြှင့်၊ The Artist ဇာတ်ကား၊ မင်းသား ဂျိမ်းဒူဂျာဒင်၊ မင်းသမီး မီရယ်စတိပ်တို့ရ,ရှိ စာ-၆

ဝယ်ယူထားသော အရန်ဆန်များ ကဏ္ဍသုံးရပ်ဖြင့် အသုံးပြုသွားမည် စာ-၁၀